# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၉)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၊ ၂-၉-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေး

## အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအတွင်း ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် စက်တင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ အင်္ဂါနေ့။

မန္တလေးနေ့စဉ်

## စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ရေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူများ စဉ်ဆက်မပြတ် ထိတွေ့အဖြေရှာနိုင်စေရန် တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

(၈၁)ကြိမ်မြောက်ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပခဲ့သည်။ ယခုဆွေးနွေးပွဲတွင် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာသိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ဆွေးနွေးရာတွင် အပင်မျိုးသစ်ကာကွယ်ရေးဥပဒေသည် မျိုးမွေးမြူထုတ်လုပ်သူတစ်ဦးချင်း၏ ကြိုးပမ်းအားထုတ်မှု ကာယ၊ ဉာဏစွမ်းအားများကို အသိအမှတ်ပြုကာကွယ်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံအတွက်လည်း များစွာအကျိုးရှိမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားဒေသမျိုးများကိုလည်း သက်ဆိုင်ရာဥပဒေမူဘောင်များနှင့်အညီ ထိန်းသိမ်းကာကွယ်ထားနိုင်မည်ဖြစ်၍ ယခုထက်ပို၍ နည်းလမ်းမျိုးစုံဖြင့် အကျိုးတူမျှဝေ (Benefit Sharing)အသုံးပြုသွားကြရန်လိုအပ်ကြောင်း၊ တောင်သူများ ပညာရှင်များ သိသင့်သောဥပဒေအသိပညာများကို မျှဝေရန်ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တောင်သူကြီးများအနေဖြင့် သိလိုသည်များကို မေးမြန်းကြရန်နှင့် ဆွေးနွေးပွဲမှ သိရှိလာသောအသိပညာများကို ဆင့်ကဲဆင့်ကဲမျှဝေပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနမှ ဒေါ်ခင်စန္ဒာချိုက အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဖြေကြားဆွေးနွေးကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သီးနှံ) ဒေါက်တာ ပပဝင်းက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ယခုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူများစဉ်ဆက်မပြတ် ထိတွေ့အဖြေရှာနိုင်စေရန် တောင်သူများနှင့် တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်မည်ဖြစ်သည်။ တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေးဆိုင်ရာပညာရပ်များအသုံးချမှု၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာခြင်းသည် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူ ရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆရာတော်ထံမှ ဩဝါဒခံယူပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၁**

လစဉ်ကျင်းပပြုလုပ်လျက်ရှိသော ဆရာတော်ထံမှ ဩဝါဒခံယူပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန် အောင်၊ စောမွန်လှမြတဘက် နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပရိဝုဏ်ရင်ပြင်တော်တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပစာနနာယက တိုက်အုပ် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက ဩဝါဒစကား ချီးမြှင့်ဟောကြားခဲ့ပြီး ဝဋ္ဋသုတ်ပရိတ်တရားတော်ကို ရှင်သာမဏေလေးများ၊ သီလရှင်ဆရာလေးများ၊ ကျောင်းသား၊ ကျောင်းသူများအား အုပ်စုလိုက်ခွဲ၍ အလွတ်ရွတ်ဖတ်စာပြန်စေခဲ့သည်။ ထူးချွန်သော ရှင်သာမဏေ၊ သီလရှင်ဆရာလေးများနှင့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက သက်န်းများနှင့် စာအုပ်၊ စာရေးကိရိယာများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုလှိုင်ကလည်း ကျောင်းစည်းကမ်းလိုက်နာရေးနှင့် ပညာရေးထက်မြက်ရေးတို့အတွက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် နဂါးကိုးကောင်ကုသိုလ်ဖြစ် ဆေးပေးခန်းကြီးတွင် မြန်မာနိုင်ငံ တီတီအသင်းနယ်လှည့်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောင်းတွင် ရှင်သာမဏေ၊ သီလရှင်နှင့် ကျောင်းသား၊ ကျောင်းသူပေါင်း ၆၅၀ ဦးခန့်ကို ဆရာ၊ ဆရာမ ၃၀ ဦးဖြင့် ပညာသင်ပေးလျက်ရှိရာ ပညာပါရမီဖြည့်စွမ်းလိုသော ပဋ္ဌာန်းဆက်ဆွေတော်၊ မျိုးတော်အလှူရှင်များအနေဖြင့် ဖုန်းနံပါတ် (၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၇၉၇၁၂၅၈၅၀)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်(ဓ-၁)မွှောရုံ၊ ၆၁လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို စက်တင်ဘာ ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၃ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လှေကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှောရုံ၊ အ-ထ-က(၁) အနောက်ဘက်လမ်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်(ဖ-၁၀)၊ ၅၇လမ်းနှင့် ၁၁၂(A)လမ်းထောင့်တွင်လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## ကျောက်ဆည်မြို့နယ်တွင် မိုးမြေပဲ ဧက ၃၀၀ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စားသုံးဆီဖူလုံ ပိုလျှံရေးအတွက် ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးမြေပဲသီးနှံ ဧက ၃၀၀ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မိုးမြေပဲသီးနှံများစိုက်ပျိုးရာ၌ တိုက်နယ်(၁)မှ ပန်းခွာကျေးရွာတွင် ၂၆ ဧက၊ ကျီးပြကျေးရွာတွင် ၂၆ ဧက၊ တိုက်နယ်(၂)မှ ဒါန်းတိုင်ကျေးရွာတွင် ၄၆ ဧက၊ တိုက်နယ်(၇)မှ ဇရစ်ခဲကျေးရွာတွင် ၅၃ ဧက၊ အုန်းကြောကျေးရွာတွင် ဧက ၁၃၀၊ တိုက်နယ်(၁၂)မှ တောင်တော်ကျေးရွာတွင် ၁၄ ဧက၊ ကင်းကျေးရွာတွင်(၅) ဧက စုစုပေါင်းဧက ၃၀၀ စိုက်ပျိုးထားရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မြေပဲသီးနှံစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းပြီး ရောဂါဒဏ်ခံနိုင်သည့် ရေဆင်း(၁၁)၊ မကွေး(၁၁)၊ မကွေး(၁၂)မျိုးများ အဓိကထားစိုက်ပျိုးကြပြီး သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး မြေပြင်ချိန်မှစ၍ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်းများကို တောင်သူများနှင့် ပူးပေါင်းကာ ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၅)

သင့်သွေးဖြင့် အသက်ကယ်ပါ။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



○ ရှေ့ဖုံးမှ

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့သို့ SOC Plus အစည်းအဝေး လာရောက်တက်ရောက်ကြသည့် အတွက် ကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **"ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်"** ဖြစ်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမအဆိုပြုချက် (Global Governance Initiative (GGI) (၅)ချက်ကို မိမိအနေဖြင့် အဆိုပြု တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူဖြစ်စေမည့် ယခုအစည်းအဝေးသည် အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားသည်။ ထို့နောက် ဘီလာရုစ်နိုင်ငံသမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၊ တာဂျစ်ကစ္စတန်သမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန်နိုင်ငံသမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ၊ မော်လ်ဒိုက်နိုင်ငံ သမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံသမ္မတ၊ အီဂျစ်နိုင်ငံဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်တို့က ဆွေးနွေးပြောကြားကြသည်။

ထိုသို့နိုင်ငံအလိုက် ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါဟု ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို မိမိအားပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေး ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုယ်စားတက်ရောက်အမှာစကားပြောကြားခွင့်ရရှိသည့်အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိသည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ ယခုနှစ်အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကိုထပ်လောင်းပြောကြားလိုပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် ၂၀၀၁ ခုနှစ် ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ် ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပေါကြွယ်ဝသည့် နိုင်ငံများ၊ မြေပေါ် မြေအောက် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံများ၊ စိုက်ပျိုး၊ မွေးမြူရေးအားကောင်းသည့် နိုင်ငံများ စသည်ဖြင့် ပါဝင်ပါကြောင်း၊ ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခု အဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင် တုံ့ပြန်လျက်ရှိပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)အပေါင်း ထိပ်သီးအစည်းအဝေးကိုနိုင်ငံ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာတွင်ထားရှိသည့် ခိုင်မာသော အခြေခံအုတ်မြစ်နှင့်

စာမျက်နှာ ၄ သို့ ○



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

☆ ယနေ့ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)အပေါင်း ထိပ်သီးအစည်းအဝေးကို နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ-အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိ

☆ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြရမည်

# မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်

○ စာမျက်နှာ ၃ မှ

များစွာ အလားသဏ္ဍာန်တူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထားမေတ္တာရပ်ခံလိုပါကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီ-နိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသော အပူပိုင်းဒေသ ရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများစွာရှိပါကြောင်း။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း နီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း။

**☆ ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု(AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရ**

**☆ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအောက်မှပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလို**

လုံခြုံရေး ကဏ္ဍတွင်လည်း ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ယနေ့ မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့် အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များ ဖြစ်သည့် ဉာဏ်ရည်တု(AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထား လုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမ အဆိုပြုချက်(Global Governance Initiative – GGI) (၅)ချက်ကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပြု(၅)ချက်သည် မိမိအရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြားရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် (၅) ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ထို့ကြောင့် သမ္မတကြီး Mr. Xi Jinping ၏ အဆိုပြုချက်အား ထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့မြန်မာနိုင်ငံက “၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(SCO Development Strategy for the Next Decade : 2025-2035)” ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာပြောကြားလိုပါကြောင်း။

အဆွေတော် သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များ အားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးအန္တရာယ် ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြော ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် အတွင်းရေးမှူးချုပ်၊ ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံအလိုက် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး၌ ပြည်တွင်းပြည်ပသတင်းထောက် ၃၀၀၀ ခန့် သတင်းရယူတင်ဆက်လျက်ရှိ

တီယန်ကျင်း စက်တင်ဘာ ၁

တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ယနေ့ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး၌ နိုင်ငံတကာမီဒီယာများနှင့် တရုတ်နိုင်ငံအခြေစိုက် မီဒီယာသမားပေါင်း ၃၀၀၀ မှာ မီဒီယာစင်တာ၌ တက်ရောက်၍ သတင်းရယူတင်ဆက်လျက်ရှိပြီး လွယ်ကူစွာသတင်းရယူတင်ဆက်နိုင်ရေးအတွက် တရုတ်နိုင်ငံအစိုးရက စီစဉ်ဆောင်ရွက်ပေးထားသည်။




အဆိုပါ မီဒီယာစင်တာ၌ သတင်းထောက်များ အချိန်နှင့်တစ်ပြေးညီ သတင်းတင်ဆက်နိုင်ရေးအတွက် ပြင်ဆင်ပေးထားပြီး တရုတ်နိုင်ငံ၏ နည်းပညာများနှင့် ယဉ်ကျေးမှုလက်မှုပညာများကို လေ့လာခွင့်ရရှိရန်စီစဉ်ထားသည်။

မီဒီယာစင်တာ၌ နည်းပညာမြင့် စက်ရုပ်များကိုပါ ထည့်သွင်းဝန်ဆောင်မှုပေးထားပြီး Xiaohe အမည်ရှိ စက်ရုပ်အမျိုးသမီးက သတင်းထောက်များ၏ သိရှိလိုသည်များကို ရှင်းလင်းဝန်ဆောင်ပေးလျက်ရှိသည်။

“စိတ်ဝင်စားစရာကောင်းသလို တရုတ်နိုင်ငံရဲ့ နည်းပညာကဏ္ဍတိုးတက်မှုကိုလည်း တွေ့နိုင်ပါတယ်။ စက်ရုပ်အမျိုးသမီးက သတင်းထောက်တွေ သိလိုတဲ့အချက်အလက်တွေကို ပြောပြတယ်။ သူနဲ့ ဆက်သွယ်ဖို့က သိပ်ကိုလွယ်ကူမှုရှိတယ်။ မီဒီယာစင်တာမှာ အခြားဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေလည်းရှိတယ်။ ရေခဲမုန့်ပြင်ဆင်ပေးတဲ့စက်ရုပ်ရှိသလို၊ လက်အမူအရာကိုကြည့်ပြီး လိုက်ပါလှုပ်ရှားတဲ့ စက်ရုပ်ကိုလည်း မြင်တွေ့ရတယ်။ အချို့စက်ရုပ်တွေက အထုပ်အပိုးတွေကို သယ်ယူမှုသရုပ်ပြပေးနေတယ်။ သတင်းထောက်တွေလိုအပ်တဲ့ အချိုရည်နဲ့ ရေဘူးတွေကိုတော့ စင်တာတစ်ခုလုံးကို လှည့်ပတ်သွားလာပြီး ဝန်ဆောင်မှုပေးနေတဲ့ စက်ရုပ်တွေဆီကနေ အလွယ်တကူယူလို့ရတယ်”ဟု ဥရောပဒေသတွင်းမှ သတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါစင်တာ၌ တိုက်ရိုက်သတင်းတင်ဆက်မှုအတွက် အပြင်အဆင်များ၊ Multi Camera စနစ်များ၊ အလိုအလျောက် သတင်းစာသားရေးထိုးမှုစနစ်များနှင့် သတင်းထုတ်လွှင့်ရန်အတွက် စတူဒီယိုများစွာကို ဖန်တီးအားဖြည့်ထားသည်ကို မြင်တွေ့ရသည်။

ထို့ပြင် Augmented Reality(AR)နှင့် Virtual Reality(VR) ပြခန်းများကိုလည်း တင်ဆက်ပြသထားပြီး သတင်းထောက်များအတွက် နည်းပညာပံ့ပိုးမှုပေးအပ်သွားမည်ဖြစ်သည်။ မြန်နှုန်းမြင့်အင်တာနက်အား မီဒီယာစင်တာတစ်ခုလုံး လွှမ်းခြုံနိုင်စေရန် စီစဉ်ပေးထားသည့်အပြင် သတင်းထုတ်ပြန်ချက်များနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပေါင်းများစွာကိုလည်း သတင်းရယူနိုင်ကြသည်။

သတင်းထောက်များအနေဖြင့် မီဒီယာစင်တာ၌ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများကို လေ့လာနိုင်မည်ဖြစ်ပြီး ကိုယ်တိုင်ဝင်ရောက် စမ်းသပ်ပါဝင်နိုင်ကြောင်း သိရသည်။

ခင်ရတနာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တီယန်ကျင်းမြို့ရှိ Tengla Hotel မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တီယန်ကျင်းဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဆိပ်ကမ်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဆိပ်ကမ်းတာဝန်ခံက တီယန်ကျင်းဆိပ်ကမ်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆိပ်ကမ်းမှတာဝန်ရှိသူတစ်ဦးက ဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ တီယန်ကျင်းဆိပ်ကမ်းမှနေ၍ ပြည်တွင်းနှင့် နိုင်ငံတကာသို့ ကုန်ပစ္စည်းများ ပို့ဆောင်လျက်ရှိမှုနှင့် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ဆိပ်ကမ်းတည်ဆောက်ခဲ့မှုအခြေအနေများနှင့် AI စနစ်အသုံးပြု၍ ကွန်တိန်နာများကို သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ကာဗွန်ကင်းစင်သည့် ဆိပ်ကမ်းအဖြစ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လေအားလျှပ်စစ်ဖြင့် လုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများကို သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆိပ်ကမ်းမှ AI စနစ်သုံး ကွန်တိန်နာတင်ဆောင်သည့် ယာဉ်များဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) အထိမ်းအမှတ်အဖြစ် SCO စာလုံးအား သရုပ်ဖော်ပြသကြသည်။

## တရုတ်နိုင်ငံ၏ ဒေသနှင့် ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဆိပ်ကမ်းတာဝန်ခံနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

အဆိုပါ တီယန်ကျင်းဆိပ်ကမ်းသည် တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိက အထူးစီးပွားရေးဇုန်ဖြစ်သည့် Tianjin မြူနီစီပယ်အုပ်ချုပ်ရေး ဒေသ၏ Binhai New Area (BNA) ခရိုင်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး Haihe မြစ်အနီး Bohai ပင်လယ်အော် အနောက်ဘက်ကမ်း တီယန်ကျင်းမြူနီစီပယ် အုပ်ချုပ်ရေးဒေသတွင် တည်ရှိကြောင်း၊ အဆိုပါဆိပ်ကမ်းအား တရုတ်နိုင်ငံမြောက်ပိုင်း၏ အဓိကထောက်ပံ့နှင့် ပို့ဆောင်ရေး အချက်အချာနေရာအဖြစ် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းအား ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ရေနက်ပင်လယ်ဆိပ်ကမ်း (Deep-Water Seaport/ Riverport) အမျိုးအစားဖြစ်ကြောင်း၊ ကုန်းမြေဧရိယာ ၁၂၁ စတုရန်းကီလိုမီတာ အပါအဝင် စုစုပေါင်း စတုရန်းကီလိုမီတာ ၄၇၀ ကျယ်ဝန်းကြောင်း၊ ထုတ်လုပ်ရေးဆိုက်ကပ်နေရာ ၁၄၀ အပါအဝင် ဆိုက်ကပ်နေရာ စုစုပေါင်း ၂၁၇ ခုကျော်ရှိကြောင်း၊ ကွန်တိန်နာများကို တင်ချခြင်းများဆောင်ရွက်ရာတွင် AI စနစ်ကို အသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ တီယန်ကျင်း ဆိပ်ကမ်းသည် ရေအနက် ၂၂ မီတာ(၇၇) ပေရှိပြီး တန်ချိန် သုံးသိန်းရှိ ကြီးမားသောသင်္ဘောကြီးများ ဆိုက်နိုင်ကြောင်း၊ နှစ်စဉ်ကုန်စည်တင်ပို့မှုအနေဖြင့် တန်ချိန်သန်း ၅၀၀ ကျော်နှင့် ကွန်တိန်နာ ၁၃ သန်းကို တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ဒေသနှင့်ပြည်နယ် ၁၄ ခုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး တရုတ်နိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ကျော်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တီယန်ကျင်းဆိပ်ကမ်းတွင် AI စနစ်ဖြင့် ကွန်တိန်နာများအား သင်္ဘောများပေါ်သို့ တင်ချပြုလုပ်နေမှုနှင့် ဆိပ်ကမ်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ မှ အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်ကြေညာစာတမ်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်တာကျင်းပခဲ့ပြီး ဖိုရမ်နောက်ဆုံးနေ့တွင် အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်း ထုတ်ပြန်ခဲ့သည်။

အဆိုပါဖိုရမ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူငယ်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ လူငယ်အချင်းချင်း အပြန်အလှန် လေးစားမှု၊ အတူတကွ ပညာရှာမှီးမှု၊ အတူတကွ တီထွင်ဖန်တီးမှုများဖြင့် နိုင်ငံတော်၏ အနာဂတ်ကို အရောက်လှမ်းကြမည်ဟု သန္နိဋ္ဌာန်ပြု ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်းကို အေးချမ်းသာယာသော၊ တရားဥပဒေစိုးမိုး၍ လုံခြုံမှုရှိသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းလုံးညီညွတ်သော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသဟဇာတရှိသော နိုင်ငံတစ်ခုကို တည်ဆောက်ကြရန် ရည်ရွယ်သည်။

အဆိုပါ ကြေညာစာတမ်းတွင် ပညာရေးနှင့် ဗဟုသုတကဏ္ဍ၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍ၊ တန်းတူညီမျှမှုနှင့် လူမှုဝန်းကျင်တည်ငြိမ်မှုကဏ္ဍ၊ ဒီမိုကရေစီနှင့် အရည်အချင်းရှိသော ဦးဆောင်မှုကဏ္ဍ၊ လူငယ်များနှင့်တာဝန်ယူမှုကဏ္ဍစသည့် မြန်မာလူငယ်များ၏ ရည်မှန်းချက်များ ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့်မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ဆက်လက်ကျင်းပသည်။

ဦးစွာ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းများ၊ နိုင်ငံသား ပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်းစသည့် ခေါင်းစဉ်ငါးခုကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက လန်းဆန်းနိုးထ ဉာဏ်စမ်း အစီအစဉ်အဖြစ် Energizer Quiz များကို ပါဝင်ဖြေကြားကြပြီး အဖွဲ့လိုက် ဆွေးနွေးထားသော ဆွေးနွေးချက်များကို ကိုယ်စားပြုလူငယ်တစ်ဦးစီက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့မှ တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက လူငယ်အမြင်နှင့် ဆန္ဒစစ်တမ်းကို ဖြေဆိုကြပြီး မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက အနာဂတ် တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်- ၂၀၂၅ ကြေညာစာတမ်း(မူကြမ်း)ရေးဆွဲမှု၊ ဖိုရမ်ဆင်းလူငယ်ကွန်ရက်ဖွဲ့စည်းမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ် ၁၅ ဦးတို့က အနာဂတ် တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များ အတွက် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ်-၂၀၂၅ ပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုတို့က ဖိုရမ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက်ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဖိုရမ်ကိုရုပ်သိမ်းလိုက်သည်။

ဖိုရမ်အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ခင်းကျင်းပြသထားသည့် MSME အရောင်းပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ပိတ်ပွဲအခမ်းအနားတွင် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားစဉ်။





ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီက ဖိုရမ်နှလုံးသားသီချင်းဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက စစ်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။



နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားပြုလူငယ်များက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကြေညာစာတမ်းကို အတည်ပြုဖတ်ကြားစဉ်။

## ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**မင်းဘူး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေး အတွက်ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ဥယျာဉ်ဇင် ကျေးရွာအုပ်စု၊ သိမ်ကုန်း နည်းပညာပြန့်ပွားရေးစင်တာဝင်း အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့ကြသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရိုင်ပြည်သူ့ဆေးရုံ အုပ်ကြီးဦးဆောင်သော ဆေးကုသရေးအဖွဲ့ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုကြပြီး ပြည်သူများအား တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ဆက်လက်ပြီး မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဒေသတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ရေး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေး ဦးစီးဌာန၏ တောင်သူပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ တောင်သူ စိုက်ပျိုးနည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာအုပ်စုပေါင်း ၁၅ ရွာမှ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေ(ဆည်ရေ)ရရှိရေး၊ အခြေခံပညာကျောင်းများအတွက် စာသင်ကျောင်းဆောင်နှင့် ကျေးလက် ကျန်းမာရေးဆေးပေးခန်းများ အသစ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက် လမ်းများနှင့် ကျေးလက်ကုန်ထုတ်လမ်းများ တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးရေ(ဆည်ရေ) ရရှိရန် ခက်ခဲသောဒေသများတွင် မြေအောက်ရေတွင်းအား ဆိုလာစနစ် တပ်ဆင်အသုံးပြုနိုင်ရေးနှင့် မိုဘိုင်းဆိုလာ ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ လျှပ်စစ်မီးမရရှိသော ဒေသများ၌ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ပေးနိုင်ရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးစရိတ်ချေးငွေများ အဆင်ပြေချောမွေ့စွာ ထုတ်ချေးပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

ဝ-ဝ-ဝ-ဝ-ဝ

## အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ မြန်မာဘာသာသို့ ပြန်ဆိုအတည်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၂/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အောက်ပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Bills of Lading Act
(ခ) The District Cesses Act
(ဂ) The Fatal Accidents Act
(ဃ) The Myanmar Passport Act
(င) The Poisons Act
(စ) The Religious Societies Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ပွင့်ဖြူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက်က ပွင့်ဖြူမြို့နယ်၊ ကံသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က ဆက်သွယ်ရေး လိမ်လည်မှုဖြစ်ပွားရခြင်း အကြောင်းအရာများနှင့် ကာကွယ်တားဆီးရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မင်းအောင်က ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ကျောင်းသား၊ ကျောင်းသူများကို ဆက်သွယ်ရေး လိမ်လည်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန် ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာ Video Clip ကို ပညာပေးပြသပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြား၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

တ
အုပ်၊
တ
ယ
လူ့
မိတ်
ဆွေ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တာရိခ်ကာရီးမ်အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၁**

မစ္စတာ တာရိခ်ကာရီးမ်ကို ၁၉၇၄ ခုနှစ်ဧပြီ ၉ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည်ပါကစ္စတန်နိုင်ငံအစ္စလာမာဘတ်မြို့ရှိကွေ့အီအာဇမ်တက္ကသိုလ် (Quaid-i-Azam University)မှ ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ မဟာဘွဲ့(M. Phil)နှင့် ဇီဝသိပ္ပံဆိုင်ရာမဟာဘွဲ့ (M.Sc.)ကိုလည်းကောင်း၊ ပန်ဂျပ်တက္ကသိုလ် (University of Punjab) မှ သမိုင်းပညာဆိုင်ရာ မဟာဘွဲ့ကို လည်းကောင်းရရှိခဲ့ပြီး ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ တစ်နှစ်ကြာ သံတမန်ရေးရာ ဘွဲ့လွန်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့သည်။ ၎င်းသည် Moscow State University မှ ရုရှားဘာသာစကားကိုလည်း လေ့လာသင်ကြားခဲ့သည်။

မစ္စတာ တာရိခ်ကာရီးမ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၊ တာဂျစ်ကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၊ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ စသည့် ပါကစ္စတန်သံရုံးများတွင် တတိယအတွင်းဝန်မှ သံမှူးအထိလည်းကောင်း၊ ဓာတုလက်နက် တားဆီးပိတ်ပင်ရေးအဖွဲ့ဆိုင်ရာ ပါကစ္စတန်အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးဆဲရှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပါကစ္စတန်နိုင်ငံကိုယ်စားပြု မဟာမင်းကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကုလသမဂ္ဂဌာနနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အလယ်အာရှနိုင်ငံများဌာနတို့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာန၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စီးပွားရေးဆိုင်ရာ သံတမန်ရေးရာဌာနနှင့် အစ္စလာမ်မစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ် မေလမှစ၍ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ ချီကာဂိုမြို့ရှိ ပါကစ္စတန်ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာရိခ်ကာရီးမ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၁၀ ဈေးတက်

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းသည် ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဩဂုတ် ၂၅ ရက် မှ ၃၁ ရက် အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် စက်တင်ဘာ ၁ ရက်မှ ၇ ရက် အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၄၁၀ ဖြစ်သဖြင့် တစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၁၁၀ ဆက်လက်ဈေးမြင့်တက်လာသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်၊ ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေး ကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**

## စစ်တောင်းမြစ်နှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား ပြုပြင်ရေးအဖွဲ့အား KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Suicide Drone များဖြင့် ပစ်ချတိုက်ခိုက်

နေပြည်တော် စက်တင်ဘာ ၁

KNU နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်၍ ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများအတွင်း ခိုအောင်းနေထိုင်ပြီး ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ သွားလာလျက်ရှိသော ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ယာဉ်များအား မီးရှို့ဖျက်ဆီး၍ အဆိုပါလမ်းကြောင်းကို နှောင့်ယှက်ပိတ်ဆို့ခြင်း၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ်ကော့ကရိတ်မြို့ ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ် ပေ ၄၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကော့နွဲ့တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ထိုသို့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး အများပြည်သူများ သွားလာရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကော့နွဲ့တံတား ပြန်လည်ပြုပြင်ရေးတံတား အထူးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် အင်ဂျင်နီယာတစ်ဦးနှင့် လုပ်သား ၂၆ ဦးတို့သည် တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက တံတား၏ အနောက်မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာရှိ ပျားပင်ကျေးရွာနေရာနှင့် တံတား၏ တောင်ဘက် မီတာ ၃၇၀၀ ခန့် အကွာရှိမြို့ဟောင်းကျေးရွာနေရာတို့မှ Suicide Drone နှစ်စင်းဖြင့် တံတားလုပ်ငန်း ဆောင်ရွက်နေသူများအား တိုက်ခိုက်ခဲ့သဖြင့် တံတားလုပ်ငန်းများ ဆောင်ရွက်နေသည့် အမျိုးသားတစ်ဦး သေဆုံးကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာ ရရှိသူများအား ကော့ကရိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကနဦး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ ဘားအံမြို့ရှိ တောင်ကလေးဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသော လမ်း၊ တံတားများအား ဖျက်ဆီးခြင်းသည် ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို များစွာထိခိုက်နစ်နာစေလျက်ရှိသဖြင့် ဒေသခံပြည်သူလူထုကလုံးဝ လက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အကြမ်းဖက် သမားများအား အရေးယူတုံ့ပြန်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့နွဲ့တံတား ပြုပြင်နေသည့်အဖွဲ့အား Suicide Drone ဖြင့် တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတားပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomp ချတိုက်ခိုက်မှု။





မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား ပြန်လည်ပြင်ဆင်နေမှုကို အကြမ်းဖက်သောင်းကျန်းသူများက Drop Bomp ချတိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် Suicide Drone မှတ်တမ်းဓာတ်ပုံ။



ဆန်းလင်းထွန်း
(ဗုံးသီးစ ညာပခုံး/
ဘယ်လက်မောင်း ထိမှန်)



ဝင်းမင်းထွန်း
(ဗုံးသီးစ ဦးခေါင်းထိမှန်ခြင်း
နှင့် ဘယ်လက်ထိမှန်ခြင်း)



ကောင်းမြတ်ကို
(ဗုံးသီးစ ရင်ဘက်ထိမှန်)



ကိုပြည့်
(ဗုံးသီးစ
နောက်ကျော
ဖောက်ဝင် သေဆုံး)



ကျော်စိုးအောင်
(ဗုံးသီးစ
ဘယ်လက်မောင်း
ဖောက်ဝင်)

# ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်နင်းမိုင်း နင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦးဒဏ်ရာရရှိ၊ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးပြီး ကလေးမိဘများမှာ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။


ဖြစ်စဉ်မှာ ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာနေ ဦးကိုဦး၊ ဇနီးဖြစ်သူ မဇာခြည်မိုးနှင့် သားဖြစ်သူ အသက်နှစ်နှစ်အရွယ် မောင်မြင့်အောင်တို့ မိသားစုသုံးဦးသည် ကလိန်အောင်မြို့မှ ဈေးဝယ်၍ ပြန်လည်ထွက်ခွာလာစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းချောင်းကျေးရွာ၏ တောင်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးသို့အရောက်၌ အကြမ်းဖက်သမားများက အများပြည်သူ အမြဲကသွားလာလျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးကို သစ်ပင်သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားသဖြင့် အဆိုပါလမ်းမကြီးဘေးဘက်မှ ရှောင်ကွင်းမောင်းနှင်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် အသက် နှစ်နှစ်အရွယ် သားဖြစ်သူမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် ဖြစ်စဉ်နေရာ၌ပင်သေဆုံးခဲ့ပြီး မိဘများဖြစ်သည့် ဦးကိုဦးနှင့် မဇာခြည်မိုးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ရာ ၎င်းတို့အား လူမှုကူညီရေးအသင်းများက မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အသုံးပြုလျက်ရှိသော ဆက်သွယ်ရေး လမ်းကြောင်းများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်းအပြင် ပြည်သူများထိခိုက်သေဆုံးမှုများဖြစ်ပေါ်စေရန် မိုင်းများထောင်ခြင်း၊ ချိန်ကိုက်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူအသုံးပြုလျက်ရှိသည့် အရပ်ဘက် မော်တော်ယာဉ်များကို အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့်လမ်း၊တံတားများ ပျက်စီး၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊ ကလေးသူငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူများမှာ သေဆုံး/ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါအကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ရေဖြူမြို့နယ် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ အကြမ်းဖက်သမားများက လမ်းများပိတ်ဆို့၍ မိုင်းထောင်ထားမှုကြောင့် ဒေသခံပြည်သူများ မိုင်းနင်းမိကာ သေဆုံး၊ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







ကလိန်အောင်မြို့ မရမ်းချောင်းကျေးရွာအဝင် မော်လမြိုင်-ရေး-ထားဝယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့်နင်းမိုင်း နင်းမိပေါက်ကွဲပြီး ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိကာ အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



## လမ်းဇရိယာအတွင်း လမ်းဘေးဈေးဆိုင်များ ကျူးကျော်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မြစ်သား စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကူမဲမြို့ရှိ လမ်းဘေးဈေးဆိုင်များအား လမ်းဇရိယာအတွင်း ကျူးကျော်ရောင်းချမှု မရှိစေရေးကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထို့သို့စစ်ဆေးရာတွင် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်း၊ ကူမဲမြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း၍ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ ရန်ကုန်-မန္တလေးကားလမ်းဘေး လမ်းဇရိယာအတွင်း ကျူးကျော်ဈေး ရောင်းချနေသည့်ဆိုင်များအား လမ်းဇရိယာအတွင်း ကျူးကျော်ရောင်းချမှုမရှိစေရေးနှင့် မိမိပိုင်ဇရိယာအတွင်း၌သာ ဈေးရောင်းချစေရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(မြန်/ဆက်)**

## အမျိုးသမီးများအား တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁**

အမျိုးသမီးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကိုလူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နေ မ-----၊ ၁၉/ ၂၀၂၅ နှစ်ကို တစ်ရွာတည်းနေ မနိုင်(ခ)လေးလေးနိုင်က တရုတ်နိုင်ငံရှိ ဆံပင်တုနှင့် လက်သည်းတု စက်ရုံတို့တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ်၁၃ သိန်းခန့်ရမည်၊ ပို့ဆောင်ခအနေဖြင့် ငွေကျပ် သိန်း ၄၀ ပေးရမည်၊ လုပ်အားခရရှိမှသာ ပေးချေနိုင်သည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့နေ မိုးသူဇာ(ခ)မချိုထံ ပို့ဆောင်ပေးခဲ့သည်။

ယင်းနောက် မချိုက စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည်မဟုတ်ဘဲ တရုတ်ယောကျ်ားယူရမည်၊ မယူပါကလမ်းစရိတ်များ ပြန်လျော်ရမည်ဟုပြောဆိုပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခရမ်းမြို့မရဲစခန်းက(ပ) ၅/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် သန်လျင်ခရိုင် တရားရုံးက ဖမ်းမိတရားခံ မနိုင်(ခ)လေးလေးနိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မိုးသူဇာ(ခ)မချိုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကချင်ပြည်နယ် မိုးညှင်းမြို့နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်နှင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်နေ မ-----၊ ၂၄/ ၂၀၂၅ နှစ်တို့ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်က လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယားလုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ ရမည်၊ အလုပ် လုပ်ကိုင်လိုပါက ၎င်း၏ အမြွှာညီမဖြစ်သူ အေးအိမွန်က တရုတ်သူဌေးများနှင့် တွေ့ဆုံပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်းက (ပ)၁၀/ ၂၀၂၅ နှင့် အမှတ်(၅) မြို့မရဲစခန်းက(ပ)၃၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက တရားခံအေးမြတ်မွန်နှင့် အေးအိမွန်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ အရ အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် လားရှိုးမြို့နေ မ-----၊ ၃၉/ ၂၀၂၅ နှစ်ကို ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်က လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်နှစ်သွားရောက်နေထိုင်၍ တရုတ်အငှားမယားလုပ်ကိုင်ပါက ယွမ် ၁၅၀၀၀ ရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့ရှိ တည်းခိုခန်းတစ်ခုတွင် ပွဲစား ဒေါ်သန်းအေး(ခ)ပီရင်းနှင့်အတူ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန်စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်းက(ပ) ၂၉/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက တရားခံ အေးမြတ်မွန်နှင့် ဒေါ်သန်းအေး(ခ)ပီရင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ် လူပေါင်း ၈၀၀ ကျော် သေဆုံး

ကဘူးလ် စက်တင်ဘာ ၁

**အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ လူပေါင်း ၈၁၂ ဦးထက်မနည်းသေဆုံးပြီး ၂၈၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ကြားဖြတ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။**

ငလျင်လှုပ်ခတ်မှုဒဏ် အဆိုးရွားဆုံးခံရသည့် ပြည်နယ်မှာ ကူနာပြည်နယ်ဖြစ်ပြီး သေဆုံးသူ ၈၀၀ နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅၀၀ ရှိကြောင်း ၎င်းက ဆက်ပြောသည်။ အဆိုပါပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နန်ဂါဟာပြည်နယ်တွင် သေဆုံးသူ ၁၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၅၅ ဦး ရှိကြောင်း၊ လဂ်မန်းပြည်နယ်တွင် ၅၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နူရစ္စတန်းပြည်နယ်တွင် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်သေဆုံးမှုပမာဏများမှာ ပဏာမခန့်မှန်းချက်များဖြစ်ပြီး ချင့်တွက်အကဲဖြတ်မှုများ လုပ်ဆောင်နေစဉ်အတွင်း ထပ်မံမြင့်တက်လာဖွယ်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများက ကယ်ဆယ်ရေးအဖွဲ့များအတွက် စိန်ခေါ်မှုအဖြစ်ရှိနေကြောင်း၊ သက်ဆိုင်ရာအေဂျင်စီများက တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များကို ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်ရန် ဘေးဒဏ်သင့်ဒေသများသို့ စေလွှတ်ထားကြောင်း မူဂျာဟစ်က ထပ်လောင်းပြောသည်။

အဆိုပါ ငလျင်သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်၏ မြို့တော်ဂျာလာလာဘတ် အရှေ့မြောက်ဘက် ၂၇ ကီလိုမီတာအကွာ မြေအောက်အနက် ရှစ်ကီလိုမီတာကို ဗဟိုပြု၍ ဩဂုတ် ၃၁ ရက် ည ၁၁ နာရီ ၄၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာ



ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုပေးစဉ်။

## ပါကစ္စတန်နိုင်ငံမြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ၊ ငါးဦး သေဆုံး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဂီဂျစ် - ဘယ်လ်တီစတန်(ဂျီဘီ) ဒေသ၌ စက်တင်ဘာ ၁ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားသဖြင့် လေယာဉ်မှူးနှစ်ဦးအပါအဝင် ငါးဦးထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဒီယာမာခရိုင် ချီလက်စ်မြို့၌ အဆိုပါ ရဟတ်ယာဉ်သည် မြေပြင်သို့ စမ်းသပ်ဆင်းသက်မှုလုပ်ခဲ့ရာ နည်းပညာချွတ်ယွင်းမှုကြောင့် ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်မှာ ပါကစ္စတန်တပ်မတော်ပိုင်ဖြစ်ပြီး ရေဘေးသင့်ဒေသများအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဂျီဘီအစိုးရက အသုံးပြုခဲ့ကြောင်း ဂျီဘီအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဖိုင်ဇူလာဖာရတ်က ပြောကြားသည်။

ဒီယာမာ အကြီးတန်းရဲအရာရှိက သေဆုံးမှုများကို အတည်ပြုခဲ့ပြီး ကယ်ဆယ်ရေးနှင့် နောက်ဆက်တွဲလုပ်ငန်းများကို ပြုလုပ်ရန်အတွက် ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ ဆင်ဟွာ



ကိုလံဘိုမြို့၌ သင်္ဘောတစ်စင်းပေါ်မှ ဆင်းသက်လာသည့် နိုင်ငံခြားခရီးသွားများကို လက်ခံကြိုဆိုစဉ်။

## သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၅၆၆၅၂၃ ဦးရှိလာ

ကိုလံဘို စက်တင်ဘာ ၁

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတကာခရီးသွားဝင်ရောက်မှု စံချိန်တင် ၂၀၀၀၀၀ နီးပါးရှိလာကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံသို့ဩဂုတ်လတွင် နိုင်ငံတကာခရီးသွား ၁၉၈၂၃၅ ဦး ဝင်ရောက်မှုရှိခဲ့ပြီး ယမန်နှစ်အလားတူလနှင့် နှိုင်းယှဉ်လျှင် ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ နိုင်ငံတကာခရီးသွားစုစုပေါင်း ၁၅၆၆၅၂၃ ဦး လာရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ကာလအတွင်း အိန္ဒိယ၊ ဗြိတိန်၊ ရုရှား၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ကြကြောင်း သိရသည်။ သီရိလင်္ကာဗဟိုဘဏ်က ဖော်ပြသော အချက်အလက်များအရ ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံအတွက် ထိပ်တန်းနိုင်ငံခြားငွေရရှိသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး ယခုနှစ် ပထမခုနစ်လအတွင်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

## ကမ္ဘာဂြိုဟ်၏ တစ်ခုတည်းသော သဘာဝဂြိုဟ်ရံလကို စူးစမ်းလေ့လာရန် ကနေဒါ၌ ကနာဒင်အာကာသလုပ်ငန်းကုမ္ပဏီက လဆင်းယာဉ်တီထွင်

**အော့တဝါ စက်တင်ဘာ ၁**

တိုရွန်တိုမြို့ပြင် တစ်နာရီခန့်အကွာရှိ ဈေးဝယ်စင်တာတစ်ခုတွင် နေ့စဉ်အလှုပြင်ဆိုင်နှင့် ရှာဝါးမားဆိုင်အကြား၌ အပြာရောင်မှန်များတပ်ဆင်ထားသော နှစ်ထပ်အဆောက်အအုံတစ်လုံး နေ့ရောင်အောက်တွင် တည်ရှိနေသည်။

ထိုအဆောက်အအုံသည် ကနေဒါနိုင်ငံ၏ ပထမဆုံးလ ကမ္ဘာခရီးစဉ်ကို အကောင်အထည်ဖော်နေသည့် ကနာဒင်အာကာသလုပ်ငန်းကုမ္ပဏီ၏ ရိုးရှင်းသော ရုံးချုပ်ဖြစ်သည်။

ပထမဆုံးသော ဂြိုဟ်များလေ့လာရေးလုပ်ငန်းအဖြစ် ကမ္ဘာဂြိုဟ်၏ တစ်ခုတည်းသော သဘာဝဂြိုဟ်ရံလကို စူးစမ်းလေ့လာရန်အတွက် ကနေဒါနိုင်ငံတွင် ပထမဆုံးတည်ဆောက်သည့် လဆင်းယာဉ်ကို အဆိုပါကုမ္ပဏီကတီထွင်နေကြောင်း သိရသည်။

ရုံးခန်းနံရံများတွင် အာကာသဆိုင်ရာ မော်ဒယ်ပုံများ၊ မြေပုံများနှင့်ပိုစတာပုံများ ချိတ်ဆွဲထားပြီး အင်ဂျင်နီယာများသည် လျှပ်စစ်ဓာတ်မလိုက်အောင် ဝတ်ဆင်ရသော အင်္ကျီများကိုဝတ်ဆင်ကာ မရင်းနှီးသော စက်ပစ္စည်းများပေါ်တွင် လုပ်ကိုင်နေကြသည်။

ယင်းလဆင်းယာဉ်ကို လကမ္ဘာသို့စေလွှတ်ခြင်းသည် "လူသားမျိုးနွယ်ကို ကမ္ဘာဂြိုဟ်မှ အမှန်တကယ်ရွှေ့ပြောင်းရေး" ဟူသော ကုမ္ပဏီ၏ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ အစိတ်အပိုင်းဖြစ်သည်ဟု ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာခရစ်ယာန် ဆယ်လာဘာဂါက ရှင်းလင်းပြောကြားကြောင်း သိရသည်။ Mon



# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အီဂျစ်အနောက်ပိုင်းတွင် ခရီးသည်တင်မီးရထား လမ်းချော်မှုဖြစ်ပွား၊ လူသုံးဦးသေဆုံးပြီး ၉၄ ဦးဒဏ်ရာရရှိခဲ့

**ကိုင်ရို စက်တင်ဘာ ၁**

အီဂျစ်နိုင်ငံအနောက်ပိုင်းတွင် ယမန်နေ့က ခရီးသည်တင်မီးရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးပြီး ၉၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရထားသည် စနေနေ့က အီဂျစ်နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းရှိ အနောက်မြေထဲပင်လယ်ပြည်နယ် မာထရောင်မြို့မှ ကိုင်ရိုမြို့တော်သို့သွားနေစဉ် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရထားပို့ဆောင်ရေးအာဏာပိုင်များက ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ တွဲခုနစ်တွဲသည် ရထားလမ်းပေါ်မှ ချော်ထွက်သွားပြီး တွဲနှစ်တွဲ တိမ်းမှောက်သွားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအကြောင်း အသေးစိတ်ပြောကြားခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ပို့ဆောင်ရန် လူနာတင်ယာဉ်အစီး ၃၀ စေလွှတ်ခဲ့ကြောင်း ထပ်လောင်းအတည်ပြုသည်။

ယခုအခါ ယင်းမတော်တဆမှု၏ အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ရထားပို့ဆောင်ရေးအာဏာပိုင်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။ Mon

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက် စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပြင်သစ် တင်းနစ်ကစားသမား Arthur Rinderknech အား ၇-၆၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ် ကစားသမား Carlos Alcaraz နှင့် ချက်တင်းနစ်ကစားသမား Jiri Lehecka တို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## ဒွန်နာရမ်မာအား ခေါ်ယူရန် ဂါလာတာစာရေးအသင်း စိစဉ်

**လန်ဒန် စက်တင်ဘာ ၁**

ဂါလာတာစာရေးအသင်းသည် ပီအက်စ်ဂျီအသင်းဂိုးသမား ဒွန်နာရမ်မာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂိုးသမားဒွန်နာရမ်မာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းကလည်း ဂိုးသမား ဒွန်နာရမ်မာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းထံမှ ဂိုးသမား ဒွန်နာရမ်မာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဂျေမီဗာဒီအား တစ်နှစ်စာချုပ်ဖြင့် ခရီမိုနီအသင်းခေါ်ယူ

**တူရင် စက်တင်ဘာ ၁**

စီးရီးအေကလပ် ခရီမိုနီအသင်းသည် လက်စတာစီးတီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဂျေမီဗာဒီအား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ကစားပြီး ဂိုး ၂၀၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရီမိုနီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်အရွယ်ရှိ ဗာဒီက "ကျွန်တော် ခရီမိုနီအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းမှ တာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေ ရယူနိုင်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)(NGB)



## တာရေမီအား အိုလံပီယာကို့စ်အသင်းက ခေါ်ယူ



**လန်ဒန် စက်တင်ဘာ ၁**

ဂရိထိပ်သီးကလပ် အိုလံပီယာကို့စ်အသင်းသည် အင်တာမီလန်အသင်းတိုက်စစ်မှူး တာရေမီအား ယူရို ၂ ဒသမ ၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အိုလံပီယာကို့စ်အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး တာရေမီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အင်တာမီလန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အိုလံပီယာကို့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အိုလံပီယာကို့စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခြောက်ဦးထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ဂျော်ဂျင်စထရန်းလာဆင် အသင်းတွင်ဆက်ရှိသွားမည်ဟု ဝုဖ်အသင်းအတည်ပြု

**လန်ဒန် စက်တင်ဘာ ၁**

တိုက်စစ်မှူး ဂျော်ဂျင်စထရန်းလာဆင်သည် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများမှာ ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဝုဖ်အသင်းက အတည်ပြုခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂျော်ဂျင်စထရန်းလာဆင်သည် ဝုဖ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး ၁၄ဂိုး သွင်းယူထားသည်။

ဝုဖ်အသင်းထုတ်ပြန်ချက်တွင် "ဂျော်ဂျင်စထရန်းလာဆင်က အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူ့ကို လုံးဝရောင်းချမှာ မဟုတ်ပါဘူး။ သူက အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ခဲ့သည်။

(ယာပုံ)

(NGB)



## ဟာလန်း မန်စီးတီးအသင်းကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ပြည့်မြောက်



**မန်ချက်စတာ စက်တင်ဘာ ၁**

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းကစားသမားဘဝ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဘရိုက်တန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို ပွဲပေါင်း ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ကစားပြီး ၈၈ ဂိုးအထိ သွင်းယူထားသည်။ (ဝဲပုံ)

အသက် ၂၅ နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို ပရီးမီးယားလိဂ်ပွဲပေါင်း ၁၀၀ ပြည့်မြောက်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မန်စီးတီးအသင်းနှင့်အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(NGB)

0-0-0-0-0

## လီဗာပူးအသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမည်ဟု ဂတ်ပိုပြောကြား

**လန်ဒန် စက်တင်ဘာ ၁**

လီဗာပူးအသင်း တိုက်စစ်မှူး ဂတ်ပိုက အသင်းနှင့်ကာလရှည် စာချုပ်သက်တမ်းတိုးပြီးနောက် မိမိအနေဖြင့် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယမန်နေ့က လီဗာပူးအသင်းနှင့်အတူ ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဂတ်ပိုသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၂ပွဲ ကစားပြီး ၄၂ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ (ယာပုံ)

အသက် ၂၆ နှစ်အရွယ်ရှိ ဂတ်ပိုက "ကျွန်တော်အသင်းနဲ့အတူ ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာပျော်ရွှင်နေပါတယ်။ ကျွန်တော့်အနေနဲ့လည်း ရှေ့ဆက်ပြီး ဒီအသင်းနဲ့အတူ အနာဂတ်မှာ ဆုဖလားများစွာရယူသွားလိုပါတယ်"ဟု ပြောသည်။




(အပေါ်ပုံ)(NGB)



## ကွန်ညာ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မန်ချက်စတာ စက်တင်ဘာ ၁**

မန်ယူအသင်း တိုက်စစ်မှူး ကွန်ညာ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ဘန်လေအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ကွန်ညာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ လေးပွဲ ကစားထားသည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ရမှတ် ၄မှတ်ဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်လျက်ရှိသည်။

(အပေါ်ပုံ) (NGB)

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂-၉-၂၀၂၅ အင်္ဂါနေ့ | ည ၇း၀၀နာရီ | ကူဝိတ် - လက်ဘနွန် |

### ဘောလုံးအသင်း အတိုအထွာများ

* ဖီနာဘာချီအသင်းသည် မန်စီးတီးအသင်း ဂိုးသမား အီဒါဆန်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းတိုက်စစ်မှူး အီဆက်ခ်အား စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာမြို့တွင်ကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲနှင့် ထီလာမောင်ဖလား အမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ပြိုင်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေး



**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့တွင် နှစ်စဉ်ကျင်းပသည့် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော်(၁၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲကို မြို့မရပ်ကွက် မိတ္ထီလာကန်တွင် ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဝါသနာရှင်များ တက်ရောက်၍ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ အကြီးတန်း အမျိုးသားအသင်း၊ အငယ်တန်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲပုံမှန်ပွဲစဉ်များကို စက်တင်ဘာ ၇ ရက်အထိ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အကြီးတန်း အမျိုးသားအသင်း ၅ သင်း၊ အငယ်တန်း အမျိုးသားအသင်း ၂၀ သင်း၊ အမျိုးသမီးအသင်း ၄ သင်း စုစုပေါင်းပြိုင်ပွဲဝင်လှေ အသင်း ၂၉ သင်း ပါဝင်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်အားကစားကွင်း(ပေါက်ချောင်း)တွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့်ထီလာမောင် ဖလားအမျိုးသား(အလွတ်တန်း)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲပထမပိုင်း၌ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းသူများမှ Zumba Dance၊ အေရိုးဗစ်အကများဖြင့် ၊ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် ရတနာမာန်အောင်(က)အသင်းနှင့် ရွှေလွန်းပျံ(က) အသင်းတို့ ဗိုလ်လုပွဲပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ဆက်လက်ကြည့်ရှု အားပေးကြရာ နှစ်သင်းစလုံး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားကြကာ ရတနာမာန်အောင်(က)အသင်းက တစ်ဖက်အသင်းကို ပင်နယ်တီသွင်းဂိုး ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုများချီးမြှင့်ကြရာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုငွေများကိုလည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တတိယဆုရရှိသော တောတွင်လှ အသင်း၊ ဒုတိယဆုရရှိသော ရွှေလွန်းပျံ(က)အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပထမဆုရရှိသော ရတနာမာန်အောင်(က)အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသော ရတနာမာန်အောင်(က)အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ Zumba Dance၊ အေရိုးဗစ်အကများဖြင့် ကပြဖျော်ဖြေခဲ့သော မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းသူများအတွက် ဂုဏ်ပြုငွေကို မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းနှင့် ရတနာမာန်အောင်(က) အသင်းမှာ တံခွန်စိုက်ဆုကို ၃ နှစ်ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







## မိုးသီးနှံ ပဲစင်းငုံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးသီးနှံဖြစ်သည့် ပဲစင်းငုံစိုက်ခင်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏အကူအညီဖြင့် စိုက်ပျိုးထားရှိသည့် ပဲစင်းငုံများအောင်မြင်ဖြစ်ထွန်း လျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါသီးနှံများကို၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီများဆောင်ရွက်လျက်ရှိရာ ယခုနှစ်မေလဆန်းပိုင်းတွင် စတင်စိုက်ပျိုးခဲ့ကြသည့် မိုးသီးနှံ ပဲစင်းငုံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိရန် တောင်သူများ မျှော်လင့်နေကြသည်။

ပဲစင်းငုံသီးနှံကို ပြည်ပပို့ကုန်အဖြစ် အဓိကထား စိုက်ပျိုးကြခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် မိုးရာသီတွင် ကျောက်ပန်းတောင်းမြို့နယ်၌ ၇၅၄၇၇ ဧက စိုက်ပျိုးရန်လျာထားခဲ့သည့်အနက် မြေပြင်တွင် ၈၄၄၀၆ ဧက စိုက်ပျိုးခဲ့ရာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးမှု ၁၁၁ ဒသမ ၈၃ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ တစ်မြို့နယ်လုံး စိုက်ဧက ၈၄၄၀၆ အနက် စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာနှင့် မျိုးစေ့ ပံ့ပိုးကူညီမှုဖြင့် ရွှေဒင်္ဂါးမျိုးပဲစင်းငုံ စိုက်ခင်း ဧက ၅၅၀၀ ကို ပန်းတိုင်အထွက်နှုန်းရရှိရေး အဓိကမျှော်မှန်း၍ တောင်သူများက စိုက်ပျိုးခဲ့ကြရာ စိုက်ဧကအားလုံးအောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၅၆)

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေး၊ MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာ မြေပဲစိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူ ဦးမြင့်ဌေး၏ စိုက်ကွင်းတွင် တောင်သူများနှင့်တွေ့ဆုံ၍ စပါးအပါအဝင် ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများ မှန်ကန်တိကျလိုက်နာ ကျင့်သုံးသွားရေး လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များကို ယုံကြည်မှု အပြည့်ဖြင့် အသုံးပြုသွားရေး၊ စိုက်ပျိုးရေးရရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ ပညာရှင်များနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ နည်းလမ်းများ ရှာဖွေသွားရေးကိုလည်းကောင်း၊ တောင်သူများအတွက် သွင်းအားစုများ ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း ပြောကြားပြီး တောင်သူများ၏ တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ငှင်းနောက် ဝမ်းတွင်းမြို့ ညီနောင်ရပ်၊ ဝမ်းတွင်း(၂)ရပ်ကွက်ရှိ သဇင်ဖြူဆေးဆိုးပန်းရိုက်လုပ်ငန်းနှင့် ရွှေအိုးအထည် စက်လုပ်ငန်းများသို့ ရောက်ရှိပြီး လုပ်ငန်းရှင်များက ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ငှင်းနောက် MSME လုပ်ငန်းများဖြစ်သည့် သဲတော(၁)ရပ်ကွက်ရှိ ဝင်းပဲကြော်လုပ်ငန်းသို့လည်းကောင်း၊ ဖိုးထောင် ပဲကြော်လုပ်ငန်းသို့ လည်းကောင်း သွားရောက်ပြီး လုပ်ငန်းများဖြစ်ထွန်းအောင်မြင်နေမှုများကို လိုက်လံကြည့်ရှုကာ လုပ်ငန်းရှင်များက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ ဒဂုန်စားသောက်ကုန်နှင့် စည်သွပ်စက်ရုံ (လှိုင်းတက်)သို့ ရောက်ရှိပြီး ဆီးသီး၊ နာနတ်၊ စတော်ဘယ်ရီ၊ သရက်သီးတို့အား ဖျော်ရည်၊ ယိုနှင့် စည်သွပ်ဘူးများ ထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့သည်။




ငှင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာသို့ သွားရောက်ပြီး ကုန်စည် စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ လွယ်ကူသက်သာစွာ သွားလာနိုင်ရေးနှင့် ယာဉ်ပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် X-Ray တိုးချဲ့တပ်ဆင်ဆောင်ရွက်ထားပြီး လုပ်ငန်းများလည်ပတ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကလော စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဂျီအီးစီ(ပညာရေး)နှင့် မြတ်ပညာ ငွေစု၊ ငွေချေး သမဝါယမအသင်း(လီမိတက်) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂျီအီးစီ(ပညာရေး)နှင့် မြတ်ပညာ ငွေစု၊ ငွေချေး သမဝါယမအသင်း(လီမိတက်) သဘာပတိက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိကိုယ်စား ဦးစီးမှူးဒေါ်ညိမ်းညိမ်းအိက အသင်း၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးခင်ထွန်းက သမဝါယမဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် ဂျီအီးစီ(ပညာရေး)နှင့် မြတ်ပညာငွေစု၊ ငွေချေး သမဝါယမအသင်း(လီမိတက်)၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် တာဝန်ရှိသူများက အမှုဆောင်အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်း တင်ပြခဲ့သည်။ ထို့နောက် သဘာပတိက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းအမှုဆောင်၏ တင်ပြမှုအမှာစာများကို အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြု ကြေညာခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တော်သလင်းလ လှေသဘင်ပွဲနှင့် ရှေးခေတ်က လှေတော်များ

၁၂ လရာသီတွင် တော်သလင်းလသည် မြစ်တွင်းသင်ဖြူးခင်းဟုဆိုသည်နှင့်အညီ လှိုင်းလေငြိမ်သက်မှုရှိပြီး ကန်ရေများ ပြည့်လျှံသည်ဖြစ်ရာ လှေပွဲသဘင်များ ကျင်းပသည်မှာ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖြစ်သည်။ တစ်ချိန်က လှေသဘင်ပွဲကို ပန်းလှသဘင်ဟုခေါ်ဆိုခဲ့ရာ လှေနှစ်စင်း လှော်ခတ်ယှဉ်ပြိုင်စဉ် ရှေ့ဆုံးမှ ရောက်လာသောလှေသည် အောင်ပန်းကို ရယူဆွတ်ခူးလိုက်ခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် လှေတော်သားများအား လက်သင်လှေဖြင့် လှေလှော်နည်းများ သင်ကြားပေးသည့်လလည်း ဖြစ်ပြီး လှေပြိုင်ပွဲဝင်ကြရသည်။

တော်သလင်းလတွင် လှေသဘင်ပွဲ၊ သစ်ဆင်းပွဲ၊ ပန်းလှုပွဲ၊ မြစ်ယံပွဲစသဖြင့် ရိုးရာပွဲတော်များ ကျင်းပကြသည်။ ဆည်သည်ရွာစား ဦးအောင်ကြီးက သူ၏ ၁၂ ရာသီလူးတားတွင် "သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့်မိုးလ၊ ဘဒ္ဒရနှင့်၊ ပြည့်ဝအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်ပျံ့သင်း၊ တော်သလင်းဝယ်၊ မြစ်တွင်းရတု၊ ပန်းလှုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်" ဟူ၍ ဖွဲ့ဆိုခဲ့သည်။

## မြန်မာဘုရင်များလက်ထက်က လှေတော်များ

ရှေးမင်းများလက်ထက်က လှေတော်များ အမျိုးအစားများစွာရှိခဲ့သည်။ လှေဆိုသည်မှာ မြစ်ဝှမ်းရှိရာ ဒေသများက စခဲ့သည်။ မြန်မာမင်းများလက်ထက် မြို့ပြနေပြည်တော်များ တည်ဆောက်ခဲ့ရာ၌ ဧရာဝတီမြစ်ကို အားထားခဲ့သည်ဟု ဆိုနိုင်ကြောင်းကို ပုဂံ၊ ပင်းယ၊အင်းဝ၊အမရပူရ၊ ရတနာပုံ(မန္တလေး)နေပြည်တော်များက သက်သေပြနေပါသည်။

မြစ်ကြောင်းကို အသုံးပြုသွားလာရန်အတွက် ပျူခေတ်ကတည်းက လှေများကို အသုံးပြုခဲ့ကြသည်။ ပျူတို့သည် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်မြစ်များအနီး နေထိုင်ကျက်စားခဲ့သည်ဖြစ်၍ လှေကို အသုံးပြုခဲ့ကြသကဲ့သို့ ဒဏ္ဍာရီ(သို့မဟုတ်) ဖြစ်ရပ်မှန်ဟု ပြောရန်ခက်သော မျက်မမြင်ညီနောင်သည် တကောင်းမြို့မှ သစ်လုံးဖောင်ဖြင့် မျောပါလာသည်ဆိုခြင်းကြောင့် ထိုအချိန်က ဖောင်များမှာ ရေကြောင်းသွားယာဉ်များ ဖြစ်ခဲ့သည်။

ဧရာဝတီမြစ်ဘေးတွင် မြို့တည်ခြင်းက လှေဖောင်များကို အားကိုးခြင်းဖြစ်ပြီး လူမှုစီးပွားရေး၊ တိုင်းပြည်ရေးရာ၌ လှေသည် အရေးပါသည်မှာ ငြင်းဖွယ်ရာမရှိပေ။ သစ်ဖောင်၊ ဝါးဖောင်များမှ တစ်ဆင့်မြင့်၍ သစ်လုံးကြီးများကို ထွင်းဖောက်ပြီး လှေအဖြစ် တည်ဆောက်လာသော လက်မှုပညာကို တွေ့မြင်ကြရသည်။ အလောင်းစည်သူမင်းလက်ထက်က လှေအရေးပါပုံကို ပိုမိုသိရှိပြီး ထင်ရှားသော လှေတော်များမှာ စွယ်လက်ျာသစ်၊ တင်ရာပြည့် ပုံ၊ နဂါးကြေး၊ နဝရတ်၊ ပြည်ကြီးနောင်၊ ပြည်ကြီးဝန်၊ မိုးသောက်ကြယ်၊ လင်ဇင်း၊ ဝဇီရသခ်ါ၊ သုံးလူ့ကြငှန်း၊ သုံးလူ့ပူဇော်၊ အောင်သာတန်ခိုး ဟူ၍ ၁၂ စင်း ရှိခဲ့ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)အနောက်မုခ်၌ ဖောင်တော်ဦးဘုရားရှိသကဲ့သို့ အလောင်းစည်သူတိုင်းခန်းလှည့်လည်စဉ်က ဖောင်တော်ရပ်နားရာနေရာများတွင် ဖောင်တော်ဦးဘွဲ့အမည်တော်များဖြင့် ဘုရားတည်ကြသည်ကို တွေ့ကြရမည်။ ထိုအချိန်က ပင်လယ်ဝထိပင် ရောက်ခဲ့သည်ဟုဆိုနိုင်ပြီး ရေကြောင်းသွားလာရေး ပညာရပ်များလည်း မြန်မာတို့ ကျွမ်းကျင်နားလည်နေကြပေပြီ။ လှေအမည်များတွင် အချို့သောအမည်များသည် မြန်မာအမည်များ မဟုတ်။ အိမ်နီးချင်းနိုင်ငံက အမည်များနှင့် မွန်လူမျိုးတို့ အမည်များလည်း တွေ့ရသည်။ ဥပမာ-တုန်ကင်းလှေ၊ သမ္ဗန်လှေတို့ ဖြစ်သည်။

### လှေ မှတ်တမ်း

ပုဂံမင်းနန်းတက်ပြီး ငါးလအကြာတွင် ခရစ်နှစ် ၁၈၄၇ ခုနှစ်၊ ဇူလိုင်က မန္တလေး၊ မဟာသကျသီဟဘုရား၊ ဩဂုတ်လတွင် စဉ့်ကိုင်မြို့၊ ရှင်ပင်ဆိပ်ပေါက်ဘုရားသို့ ဖောင်တော်၊ သမ္ဗန်လှေနှင့် လှော်ကားလှေတို့ဖြင့် ရေကြောင်းမှ ဘုရားဖူးထွက်ခဲ့ကြောင်း သိရသည်။ တောင်သမန် ကျောက်တော်ကြီးဘုရား၊ တောင်ဘက်မုခ်၊ အရှေ့ဘက် နံရံတွင် ပုဂံမင်းသည် လှေအစုအဖွဲ့နှင့် စစ်ကိုင်းဘက်သို့ ကူးသောအခမ်းအနားဟု ယူဆနိုင်သည့် နံရံဆေးရေးပန်းချီကိုတွေ့ရသည်။ အလယ်မှ လှေတွင် ထီးဖြူကြီးနှစ်ခုတွေ့ရသဖြင့် မင်းနှင့် မိဖုရားဖြစ်နိုင်ပြီး လှေနှစ်စီးက ရံထားသည်။ ၎င်းနောက်မှ လှေများတွင် ရွှေထီးများ တွေ့ရသည်။

### လှေနှင့် စာပေဂီတ

မြန်မာတို့သည် သာသနာအရေး၊ လူမှုရေး စသည်နယ်ပယ်စုံတွင် စာပေနှင့် ဂီတကို အမြဲယှဉ်တွဲလေ့ရှိကြသည်။ ပွဲတော်များ၌ စာပေနှင့် ပတ်သက်၍ ရတု၊ ရကန်၊ ဧချင်း၊ တျာချင်း သံပေါက် စသဖြင့် ရေးသားဖော်ကျူးကြသကဲ့သို့ ဂီတသည်လည်း တွဲဖက်ပါဝင်လာသည်။ လှေနှင့် ပတ်သက်ပြီး မှတ်တမ်းကဗျာများသာကမ လှေတော်သံဂီတတေးသီချင်းများ ရှိခဲ့သည်။ စဉ့်ကူးမင်းလက်ထက်က ကွမ်းရေတော်ကိုင် ဦးယာ ရေးသားသော ၁၂ လရာသီဘွဲ့များတွင် တော်သလင်းလ လှေပြိုင်ပွဲကိုလည်း တွေ့ရသည်။

"တော်သလင်းဟု၊ မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်လှော်ကား၊ ရွှေလှေများကို၊ ကစားလူးလာ၊ စုန်ဆန်သာလျက်၊ ရွှေတက်ပြိုးပြောင်၊ ပုံတောင်စည်မောင်း၊ ရေကြောင်းမြစ်လယ်၊ ပျော်ဘွယ်အံ့ချီး၊ တီးမှုတ်ကြော်ငြာ၊ သည်ပွဲသာတွင် ×××" ဟူ၍ ဦးယာက စပ်ဆိုထားရာ လှေပွဲသဘင်(လှေပြိုင်ပွဲ)တွင် စာပေဂီတ တွဲယှက်နေသည်မှာ သက်သေဖြစ်သည်။ ယနေ့တွင် အများဆုံးကြားရသည်မှာ ဘုန်းကြီးပျံပွဲများမှ "လှေတော်သံ"ဖြစ်ပြီး ဖောင်တော်ဖြင့် ရေကြောင်းမှ ပင့်ဆောင်ခြင်းကို သရုပ်ဖော်ခြင်း ဖြစ်သည်။

### လှေနှင့် ပန်းချီအနုပညာ

လှေသည် စာပေ၊ ဂီတ သာမက ပန်းချီအနုပညာရှင်များလည်း နှစ်သက်ခုံမင်ကြလေသည်။ (ယနေ့ ခေတ်ပုံပညာရှင်များသည်ပင် လှေကို အဓိကဇာတ်ကောင်(Main Subject)ထားကာ ရိုက်ကူးကြသည်)။ ပုဂံရှေးဟောင်းနယ်မြေမှ စဉ့်ခွက်၊ အုတ်ခွက်များ၊ နံရံပန်းချီများတွင် ရေးဆွဲထားသည်ကို တွေ့ရသည်။ အာနန္ဒာအုတ်ကျောင်းတွင် လှေနှင့် မြစ်ပြင်ရှုခင်းနံရံဆေးရေးပန်းချီကိုလည်း တွေ့နိုင်သည်။ အမရပူရခေတ် တောင်သမန်ကျောက်တော်ကြီးဘုရားအတွင်း တွေ့နိုင်ပြီး တောင်ဘက်မုခ်တွင် ဧရာဝတီမြစ်တွင်းမှ ကုန်တင်လှေများ၊ လှေပြိုင်ပွဲများ၊ ငါးဖမ်းလှေများ၊ လှေကူးတို့ဆိပ်များ၊ ဆိပ်ကမ်းတွင် ချက်ပြုတ်စားသောက်နေပုံများ စသည့် နံရံဆေးရေးပန်းချီများတွေ့ရမည်ဖြစ်ရာ လှေသည် ပန်းချီအနုပညာအတွက် ရွေးချယ်စရာ ပုံရိပ်များဖြစ်ခဲ့သည်။



### လှေတော်များ အမည်ပေးပုံ

ရှေးဘုရင်များလက်ထက်က လှေတော်များ အမည်ပေးသည်မှာ လှေတွင် ဆင်သခြယ်မွမ်းထားပုံ၊ စီးနင်းအသုံးပြုခွင့်ရှိသူ၊ အရွယ်အစားနှင့် ပုံစံပေါ်မူတည်ကာ အမည်များ ပေးထားကြသည်။ ဥပမာအားဖြင့် သုံးလူ့ပူဇော်လှေတွင် လှေဦးတွင် ဗြဟ္မာမင်း၊ သကြားမင်း၊ ရတနာပန်းခိုင်နှင့် လူမင်းပုံတို့ ထုလုပ်ပါရှိ၍ ဘုရားရှင်ရေကြောင်းမှ ကြွမြန်းတော်မူသည့်အလားဖြစ်၍ သုံးလူ့ပူဇော်လှေဟု အမည်ရပါသည်။ ထို့အတူ သုံးလူတောက်ပလှေ၊ နာဂဒေဝလှေ၊ ပြည်ကြီးမွန်လှေ၊ မနုသီဟလှေ၊ ပြည်လုံးလှေ၊ လောကဗိမာန်လှေ စသဖြင့်ရှိရာ ဘုရင်မင်းများ စီးသောလှေ ဖြစ်သည်။ ၎င်းလှေတော်များကို ရွှေလှေများဖြစ်သည်။ အခြားလှေများမှာ အီကင်းလှေ၊ အဇလုံလှေ၊ နန်းစည်လှေ၊ ဂင်္ဂါဇေယျလှေ၊ ရဲလှေ၊ သတ္တဒါန်လှေ၊ ကတ္တူလှေ စသည်တို့မှာ လှေဖြူအမျိုးအစားများ ဖြစ်သည်။

### ကုန်းဘောင်ခေတ် မြန်မာ့ရေတပ်

အလောင်းဘုရား(ဦးအောင်ဇေယျ)သည် တတိယမြန်မာနိုင်ငံတော်တည်ထောင်ရာ၌ ရေတပ်သည် မရှိမဖြစ်လိုအပ်သည်ကို သိရှိတော်မူ၍ ရေတပ်အတွက် လှေများအသုံးပြုရန် ဧရာဝတီမြစ်ကမ်းဘေးရှိ ကျောက်မြောင်း(ရွှေဘိုမြို့အနီး)တွင် တိုက်လှေတော်တည်ဆောက်ခဲ့သည်။ပြီးစီးသောအခါ လှော်ခတ်သည့် အမှုထမ်း ၁၀၀၊ သေနတ်ကိုင် ၁၀၀၊ လံကိုင် ၁၀၀၊ တုတ်တင်ကျည်း ကိုင် ၁၀၀ စီးစေပြီး လှေတော်အကြီးအမှူးမှာ သေနတ်ဝန် မင်းလှမင်းခေါင်ကျော် ဖြစ်သည်။

ရွှေတုံးလှေတော်ကဲ့သို့ မော်ကွန်းထိုးသည့် လှေတော်ကြီးမှာ မှိုင်းသဲသဲလှေတော်ကြီးဖြစ်သည်။ ဖွဲ့စည်းပုံအရ ခတ်လှေတော်တစ်စီးတွင် အုပ်ချုပ်သူစစ်သူကြီးတစ်ယောက်ထားရှိပြီး ခတ်လှေတော်အရံများလည်းပါရှိရာ မှိုင်းသဲသဲလှေတော်ကြီးတွင် အရံလှေ ၃၆ စင်းရှိကြောင်း သိရသည်။လှေတော်အကြီးအကဲများအဖြစ် လှေတော်အုပ်၊ လှေတော်ပဲ့နင်း၊ လှေစီးပါရှိ၍ သာမန်အမှုထမ်းများမှာ လှေတော်သားဟုဆိုပါသည်။ ၎င်းတို့အတွက် လယ်ယာမြေများ ချထားပေးသဖြင့် ထွန်ယက်စိုက်ပျိုးစားသောက်နေထိုင်ကြသည်။ တာဝန်ထမ်းဆောင်ချိန်တွင် ရိက္ခာရရှိကြသည်။ သို့သော် ရိက္ခာ ချက်ချင်းမရသည့်အခါ ချေးငှားစားသောက်ကြရသဖြင့် ကြွေးမြီပြဿနာများ ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

မဟာဗန္ဓုလ ဦးဆောင်သည့် မြန်မာ့တပ်မတော်သည် ခရစ်နှစ် ၁၈၃၂ ခုနှစ် ဒီဇင်ဘာလတွင် ပန်းဝါသို့ ချီတက်စဉ် ရေကြောင်းမှ ရေတပ်သားများလည်း ပါဝင်၍ မဟာမုနိရုပ်ရှင်တော်ကို ရခိုင်မှ ပင့်ဆောင်စဉ်က ကုန်းကြောင်း၊ ရေကြောင်းဖြင့် ပင့်ဆောင်ခဲ့သည်။ မန္တလေးမြို့ မင်းတုန်းမင်း ကောင်းမှုကျောက်တော်ကြီးဘုရားကို ပင့်ဆောင်ရာတွင်လည်းကောင်း၊ ရွှေတိဂုံသို့ ထီးတော်လှူရန် ရေကြောင်းမှ ကြွချီခဲ့သည်။

မင်းတုန်းမင်းသည် မန္တလေးမြို့တည်ပြီးနောက် ရေတပ်သား(သို့မဟုတ်)လှေတော်သားများကို တစ်စုတစ်ဝေးတည်း နေရာချထားပေးရာ ၎င်းတို့လှေတော်အမည်များဖြင့် ရပ်ကွက်အမည်တွင်ခဲ့သည်။

### လှေတော်အမည်နှင့် ရပ်ကွက်များ

ရတနာပုံခေတ်တွင် လှေတော်သားများ စုဝေးနေထိုင်သည့် ရပ်ကွက်အမည်များမှာ ယနေ့တိုင် မန္တလေးမြို့တွင် အထင်အရှားရှိသေးသည်။ ၎င်းတို့မှာ ၄၁ လမ်းနှင့် ၄၂ လမ်းကြား၊ ၈၂ လမ်းဝန်းကျင်ရှိ လှေတန်းရပ်၊ ရွှေတုံးရပ်၊ စိန်ပန်းရပ်၊ သူရဲကျော်ရပ်၊ လမ်း ၉၀ နှင့် ၂၆ လမ်းမြောက်ဘက် သင်္ဂဇာချောင်းအရှေ့ဘက်တွင် ရွှေလောင်းရပ်၊ ၈၉ လမ်း၊ ၁၉ လမ်းဝန်းကျင်တွင် အီကင်းရပ်၊ သင်္ဂဇာချောင်းအရှေ့ဘက်ရှိ လက်ရွေးကြီးရပ် စသည်တို့ဖြစ်ပြီး မြစ်၊ ချောင်းဘေးနှင့် နီးရာတို့တွင် ရှိကြသည်။ ထိုအမည်များသည် လှေတော်အမည်များကို အစွဲပြု၍ ရပ်ကွက်အမည်များအဖြစ် ရပ်တည်လာခဲ့လေသည်။

မည်သို့ပင်ဆိုစေ။ တော်သလင်းလတွင် ရှေးအနှီကာလများကတည်းက လှေပြိုင်ပွဲများ ကျင်းပလေ့ရှိခြင်းဖြင့် မြန်မာ့ရိုးရာကို ထိန်းသိမ်းလျက်ရှိပါ၏။ မြန်မာ့ ၁၂ လရာသီ၏ အလယ်လ (၆ လမြောက်)လည်းဖြစ်လေသည်။ ရှေးမြန်မာဘုရင်များလက်ထက် လှေသဘင်ပွဲမှ ရေတပ်သားများ ရွေးချယ်သည့် သမိုင်းအထောက်အထားများလည်းရှိပြီး အနယ်နယ်အရပ်ရပ်တွင် လှေသဘင်ပွဲများဖြင့် ဆင်နွှဲပျော်လေ့ရှိသော တော်သလင်းလ၏ ပွဲတော်တစ်ခုဟု ဆိုရပါလိမ့်မည်။

**ကိုးကား-သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေသည့် 'အရပ်ရပ် လှေတော်ပုံစုနှင့် တက်ရေးတက်ချင်း စုဖုရား'**

ခိုင်ဆက်ဝေ

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်အခြေခံသင်တန်းဆင်းပွဲ ကျင်းပ



**ပခုက္ကူ စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်း၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်အခြေခံသင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းမှ တစ်ဆင့်ရရှိမည့် အကျိုးကျေးဇူးများ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းထွက်ကုန်ချော ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြရာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမှုအပေါ် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး အထည်ဆေးရေးနည်းနှင့် ပန်းချီပုံရိုက်နည်းဘာသာရပ်များကို ဩဂုတ် ၁၅ ရက်မှ ၂၉ ရက်အထိ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ (၃၄၀)

## ရွှာင်မြို့တွင် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှာင် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာင်မြို့နယ်၊ အ.မ.က(မူလွန်) ရွာမကျောင်းတွင် ယနေ့ နံနက် ၁၀ နာရီက လူငယ်အသိပညာပေး လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရွှာင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ အေးသန္တာနိုင်က လူငယ် ကျန်းမာရေးအသိပညာပေးဟောပြောရာတွင် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ပတ်သက်သော အသိပညာများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် ခြင်ကိုက်မခံရအောင် ရှောင်ရန်နည်းလမ်းများကို ပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးမှူး ဒေါ်သစ်သစ်လွင်မှ တီဘီရောဂါအကြောင်းကို ဆက်လက်ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက လူငယ်များနှင့်ကလေးသူငယ်ဆိုင်ရာ အခွင့်အလမ်းများနှင့် ကလေးသူငယ်များ ရသင့်ရထိုက်သော အခွင့်အရေးများ အကြောင်းကိုလည်းကောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဒေါ်နန်းစံဖောင်းက ဆိုရှယ်မီဒီယာ အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းဖြင့် အသီးသီး ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၉၀ ဦး တက်ရောက်ခဲ့ကြပြီး နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ တက်ရောက်လာကြသူများက စိတ်ဝင်တစား လေ့လာခဲ့ကြကြောင်း သိရသည်။

(၃၃၈)

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ဖြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဇေယျာသီရိ စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတ ပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင်က စာရေးဆရာကြီး ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိအား ဖတ်ကြားခဲ့သည်။

ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းမှ "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။



အဆိုပါ ဟောပြောပွဲအပြီးတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# စာပေနှင့် လူ့ဘဝခရီး

စာပေသည်နိုင်ငံတိုင်း၏ မီးရှူးတန်ဆောင်ဖြစ်ပါသည်။ လူသားတို့၏ တီထွင်မှုထဲတွင် စာပေသည် အကြီးမားဆုံးသော အောင်မြင်မှုဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိသည့်အနက် နိုင်ငံတိုင်း၌ စာပေမရှိ၊ ဘာသာစကားမရှိပေ။ အခြားဘာသာစကားကို မှီငြမ်းသုံးစွဲနေရသည်။နိုင်ငံတိုင်းစာပေမရှိသော်လည်း မြန်မာနိုင်ငံတွင်စာပေရှိသည်။ ဘာသာစကားရှိနေသည်။ ကိုယ်ပိုင်စာပေရှိခြင်းသည် လူမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို မြင့်မားစေပါသည်။ မြန်မာစာပေခရီးသည် ရေစီးကြောင်းထဲမျောနေသော ဘောလုံးပမာ အလိုက်သင့် အဆင်ပြေချောမွေ့စွာ ဖြတ်သန်းရောက်ရှိခဲ့သည်မဟုတ်။ တီထွင်မှုအမျိုးမျိုး၊ ပြောင်းလဲမှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှားကာ **'ကမ္ဘာမှာမြန်မာဟေ့'** ဟု လက်ပမ်းပေါက်ခတ်နိုင်ခဲ့ခြင်းဖြစ်၏။

စာပေသည်ခေတ်၏ ကြေးမုံပြင်ဖြစ်သည်။ခေတ်၊စနစ်များမည်သို့ပင် ဖြတ်သန်းခဲ့သည်ဖြစ်စေ၊ လူများ၏ ရှင်သန်နေထိုင်မှု၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများ၊ နိုင်ငံများ၏သမိုင်းကြောင်းနှင့် လူများ၏ စိတ်ဓာတ်ပါမကျန် စာအုပ်စာပေများဖတ်ရှုခြင်းဖြင့် သိရှိနိုင်ပါသည်။ စာအုပ်စာပေ၏ တန်ဖိုးကြီးပုံကို စာရေးဆရာအသီးသီးမှ ရေးသားခြယ်မှုန်းရာတွင် **စီလျံလိုင်းယွန်းဖဲလ်စ်ဆိုသူက 'စာအုပ်ဆိုတာ လူတွေကလူတွေအကြောင်းကို လူတွေအတွက်ရေးထားတာပါ။ စာပေဆိုတာသမိုင်းရဲ့ထာဝရရှင်သန်နေတဲ့အမြုတေ အစိတ်အပိုင်းပါ'** ဟု ရေးသားဖော်ပြခဲ့သည်။

**'စာအုပ်စာပေလူ့မိတ်ဆွေ'** ဟု တင်စားခေါ်ကြသည်။ စာအုပ်အမျိုးပေါင်းများစွာရှိသည်။ လူပုဂ္ဂိုလ်ကို အခြေခံရေးသော အတ္ထုပ္ပတ္တိစာအုပ်များ၊ သမိုင်းကြောင်းကိုအခြေခံသော စာအုပ်များ၊ သိပ္ပံနှင့် နည်းပညာစာအုပ်များ၊သုတပဒေသာ(ဝိဇ္ဇာ)၊သုတပဒေသာ(သိပ္ပံ)စာအုပ်များ၊ ကလေးစာအုပ်များ၊လူငယ်စာအုပ်များနှင့် အခြားစာအုပ်ပေါင်းများစွာရှိသည့်အနက် စာအုပ်ကောင်းတစ်အုပ်တွင် ဗဟုသုတများ၊ အတွေးအမြင်များ၊ သုတနှင့်ရသတန်ဖိုး၊ ဆင်ခြင်တုံတရားများ၊ ခေတ်၏သမိုင်းတန်ဖိုးများ ပါဝင်နေစမြဲဖြစ်သည်။

စာအုပ်များသည် အသိပညာများ၊ ခံစားမှုရသများ ပေးစွမ်းသည့်အပြင် လူမှုဘဝကို ပြောင်းလဲစေနိုင်သော စွမ်းရည်သတ္တိများရှိသည်။ အချို့သော စာအုပ်များမှာ လူမှုဘဝတွင် ကြုံတွေ့နေသော အဖြစ်အပျက်များ၊ လူ့ဘဝဇာတ်ခုံပေါ်တွင် ကြုံတွေ့နေရသော ရယ်တစ်ခါ၊ ငိုတစ်လှည့်ဘဝများ၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားကြပုံများ ရေးသားထားသဖြင့် လူတစ်ဦးမွေးဖွားလာခဲ့ရာမှ သေဆုံးသည်အထိ ဘဝအဖြစ်များနှင့်ဆင်တူလှပါသည်။

ဦးစွာ လူတစ်ဦးစတင်မဖြစ်ပေါ်မီ သန္ဓေတည်စကပင် မိခင်၏ သားအိမ်တွင် ပင်ပန်းဆင်းရဲစွာနေခဲ့ရသည်။ မိခင်၏ ဝမ်းကြာတိုက်တွင် ကိုးလကြာနေခဲ့ပြီးနောက် ဆယ်လအကြာတွင် လူ့ဘဝသို့ ရောက်ခဲ့သည်။ အလိုဆန္ဒများကို ငိုကြွေးခြင်းဖြင့် စတင်ခဲ့ရသည်။ မိခင်က နို့ချိုတိုက်ကျွေးမှ အငိုတိတ်သည်။ ပတ်ဝန်းကျင်လေတိုက်ခတ်မှု၊ အပူအအေးရာသီကို မိခင်က ဂရုစိုက်ခြင်းဖြင့် ကလေးငယ်အား စောင့်ရှောက်ပေးရသည်။ ကလေးငယ်၏ အသက်ရှင်သန်စေရန် မိခင်က မျက်ခြည်မပြတ် ဂရုစိုက် စောင့်ရှောက်ပေးရသည်။

သို့မှသာ မိခင်၏ရင်သွေးမှာငယ်ရာမှ ကြီးပြင်းလာရသကဲ့သို့ စာပေမှာလည်း ကလေးငယ်တစ်ဦးမွေးဖွား၍ အဆင့်ဆင့်ကြီးပြင်းလာသည့်နှယ် သဒ္ဒါ၊ ရေးထုံးရေးနည်း၊ ဗျည်း၊ သရ၊ ဝါစင်္ဂများ ဆင့်ကဲပြောင်းလဲတိုးတက်လာသည်သာဖြစ်ပါသည်။ စာပေသည် သမိုင်း၏ ကြေးမုံပြင်ဟုဆိုလျှင် လူသားတို့သည်လည်း မွေးဖွားလာသည်မှ သေဆုံးသည်အထိ အသက်ရှင်သန်ရပ်တည်မှုအတွက် စာပေသင်ကြားရခြင်း၊ အတတ်ပညာဆည်းပူးရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရခြင်းသည်လည်း စာပေများပေါ်ပေါက်ပြောင်းလဲလာပုံနှင့် ဆင်တူ နီးစပ်လျက်ရှိပါသည်။

**'လူ'** နှင့်ပတ်သက်၍ အဓိပ္ပာယ်ကောက်ယူတွေးဆမှု အမျိုးမျိုးရှိသကဲ့သို့ စာပေနှင့်ပတ်သက်၍ ကွဲပြားခြားနားသောလူမျိုးများ၊ နိုင်ငံများတွင်လည်း စာပေပေါ်ပေါက်လာပုံနှင့် စာပေတိုးတက်ပြောင်းလဲလာမှု အမျိုးမျိုးရှိနိုင်သည်မှာ သံသယဖြစ်ရန်မလိုပေ။ စာပေသည် လူတစ်ဦး မမွေးဖွားခင်၊ မွေးဖွားစဉ်၊ မွေးဖွားပြီး ကြီးပြင်းလာသည်အထိ ဂရုစိုက်ရသည့်နှယ် စာပေပေါ်ပေါက်လာသည်မှ ဖွံ့ဖြိုးတိုးတက်သည်အထိ အခက်အခဲများအား ကျော်လွှားလာခဲ့ရခြင်းဖြစ်ပါသည်။

အနီးစပ်ဆုံး ဥပမာအနေဖြင့် မြန်မာစာပေကို တင်ပြလိုပါသည်။ မြန်မာစာ၊ စကားကို (၁၁)ရာစုတွင် ပုဂံပြည်ကြီး၌ ဦးစွာ **'အက္ခရာ'** တင်၍ ရေးသားခဲ့သောမြန်မာစာပေမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က မြန်မာစာသည် အိန္ဒိယနိုင်ငံ၏ **'ဗြဟ္မီ အက္ခရာ'** ကို အခြေခံ၍ မြန်မာအသံထွက်နှင့်ကိုက်ညီအောင် ညှိနှိုင်းပြုပြင်တီထွင်အသုံးပြုခဲ့ရာမှ စတင်ခဲ့သည်ဟု မှတ်သားရသည်။

မြန်မာစကားမှာ အဆင့်မနိမ့်၊ အဆင့်အတန်း မြင့်မားလှပါသည်။ မြန်မာစာသည် သုံးမည်ရ ဘာသာစကားပင်ဖြစ်ပါသည်။ ၎င်းတို့မှာ-

၁။ ဧကက္ခရစကား

၂။ ယှဉ်ဖက်တွဲကပ်စကား

၃။ အသံရှိသောစကား ပင်ဖြစ်သည်။

ဦးစွာ ဧကက္ခရစကားကို ဖော်ပြလိုပါသည်။ ဧကက္ခရစကားဆိုသည်မှာ အက္ခရာတစ်လုံးလျှင် အနက်တစ်ခုသာရှိသော စကားပင်ဖြစ်သည်။ **'ဧကဝဏ္ဏ'** စကားလုံးဟုလည်း ခေါ်သည်။ ဥပမာ- ရေ၊ လေ၊ မြင်း၊ သို့

ယှဉ်တွဲဖက်ကပ်စကားဆိုသည်မှာ 'ပူးတွဲဘာသာစကား' ဟုလည်းဆိုနိုင်ပါသည်။ စကားများကို နာမ်ကိုနာမ်နှင့် ကြိယာကိုကြိယာနှင့်တွဲသည်ကို အများအားဖြင့်တွေ့နိုင်သော်လည်း နာမ်နှင့်ကြိယာကိုလည်း တွဲ၍အသုံးပြုနိုင်ပါသည်။ စကားလုံးသစ်၊ ဝေါဟာရအသစ်များရရှိစေရန် အက္ခရာနှစ်လုံး၊ သုံးလုံး၊ လေးလုံး၊ ငါးလုံးထိတွဲစပ်နိုင်ပါသည်။ ဥပမာအားဖြင့် - နှင်းရေ၊ ဆိတ်ကျောင်းသား(နာမ်+နာမ်)၊ လွတ်လပ်၊ ကင်းကွာ(ကြိယာ+ကြိယာ)၊ လွယ်အိတ်(ကြိယာ+နာမ်) တို့ဖြစ်ပါသည်။

မြန်မာဘာသာစကားလုံးတွဲစပ်ရာတွင် တွဲစပ်နည်း ဝဏ္ဏလေးမျိုးရှိသည်။ ၎င်းတို့မှာ-

| | | |
|---|---|---|
| ၁။ | ဧကဝဏ္ဏ | - ရေ၊လေ(အသံတသံတည်းထွက်ဝေါဟာရ) |
| ၂။ | ဒွိဝဏ္ဏ | - ပဲနို့( အသံနှစ်သံထွက်ဝေါဟာရ) |
| ၃။ | တိဝဏ္ဏ | - ရေအိုးစင်(အသံသုံးသံထွက်ဝေါဟာရ) |
| ၄။ | ဗဟုဝဏ္ဏ | - လုပ်သားပြည်သူ (အသံလေးသံထွက်ဝေါဟာရ) |

မြန်မာဘာသာစကားသည် လူတစ်ယောက်၏ ဘဝခရီးနှင့်တူသည်။ လူတွင် အမည်များပေးရသကဲ့သို့ အမည်နာမချင်းမှာလည်း တစ်ဦးနှင့်တစ်ဦးမတူကြ။ မြန်မာစကားသည် **'အသံရှိသောဘာသာစကား'** ပင်ဖြစ်သည်။ မြန်မာစကားတွင် အမြစ်သံ၊ အသံရိုး၊ ဝိသဇ္ဇနီသံဟူသော အသံသုံးသံသာရှိသည့် ဘာသာစကားဖြစ်ပါသည်။ အသံကွဲသွားသည့်အလျောက် အနက်အဓိပ္ပာယ်ပါ ကွဲသွား၍ 'စကားလုံး'၏ ရည်ညွှန်းမှုကို သတိပြုရမည်ဖြစ်ပါသည်။ အသံ၏ သဘောမှာ ကြားသိခြင်းပင် ဖြစ်သည်။

မြန်မာစကားသည် မုန့်ဟင်းခါးချက်သကဲ့သို့ အမယ်စုံလှသည်။ မြန်မာစကားတွင် မိခင်စကားအပြင် ပါဠိ၊ သက္ကတစကား၊ ဟင်ဒီစကား၊ တိဗက်စကား(အနည်းငယ်)နှင့် လက်တင်စကား၊ အင်္ဂလိပ်စကားများပါဝင်သည်။ မြန်မာစကားကို မိခင်စကားနှင့်ဧည့်သည်စကားဟူ၍ ခွဲခြားနိုင်ပါသည်။ ဧည့်စကားတချို့ကို မွေးစားစကားအဖြစ် သုံးစွဲခဲ့သည်မှာ နှစ်ပေါင်းတစ်ထောင်နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ လူအများစုက မိခင်စကားဟုထင်နေသော်လည်း လက် တွေ့တွင် သုံးစွဲလျက်ရှိပြီး အသုံးဝင်လျက်ရှိပါသည်။

ပုဂံခေတ် အနော်ရထာမင်းစောလက်ထက်တွင် သုဝဏ္ဏဘူမိ(သထုံ)မှ ပိဋကတ်သုံးပုံနှင့် ရှင်အရဟံကိုယ်တော်ကို ပုဂံပြည်သို့ ပင့်ဆောင်ခဲ့ရာမှ ဗုဒ္ဓသာသနာနှင့်အတူ **ပါဠိစကားများ** လည်း ရောက်ရှိလာသည်။ သာဓကအားဖြင့် သုခ၊ သာဓုကဲ့သို့အမည်မျိုးဖြင့် လူနာမည်ပေးရာတွင် သုံးစွဲကြသည်။ တစ်ဖန် မဏ္ဍပ်(ပါဠိ) ယာဃီတဲနန်း၊ သင်္ဂြိုလ်(ပါဠိ) ချီးမြှောက်ခြင်းစသည်ဖြင့် သုံးစွဲခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

ထို့အပြင် နိဗ္ဗာန်ဟူသောစကားတွင် နိဗ္ဗာန(ပါဠိ) ဆင်းရဲခြင်းကင်းရာအရပ်၊ ဇာတိဖြစ်ခြင်း ကင်းသောအရပ်(အဆင့်)၊ မဂ်ဖိုလ်= မဂ်-မဂ္ဂ(ပါဠိ)=လမ်း၊ ဖိုလ်=ဖလ(ပါဠိ)အသီးအပွင့် ဆိုလိုရင်းမှာ မဂ္ဂင်ရှစ်ပါးကျင့်ကြံအားထုတ်မှုကြောင့်ရရှိသော အကျိုးကျေးဇူးအသီးအပွင့်ကို ဆိုလိုခြင်းဖြစ်ပါသည်။ပညာဟူသောစကားတွင် ပကာရ ဉာဏ(ပါဠိ)= အမျိုးမျိုးအထွေထွေ မှန်မှား၊ ကောင်းဆိုးဝေဖန်တတ်သော အသိဉာဏ်၊အသိဗဟုသုတကို 'ပညာ' ဟုခေါ်ခြင်းဖြစ်ပါသည်။ ၎င်းအပြင် မာတာ(ပါဠိ)မိခင်၊ မာလာ(ပါဠိ) ပန်းပွင့်၊ မာယာ(ပါဠိ)လှည့်ဖြားခြင်း၊ သစ္စာ(ပါဠိ)တည်ကြည်ခြင်း၊ ယမုံနာ(ပါဠိ)မြစ်နှင့် ရတနာ(ပါဠိ)နှစ်သက်ဖွယ် စသည်တို့ကား ပါဠိမှလာသောစကားများဖြစ်ကြကြောင်း အထောက်အထားပြယုဂ်ပင် ဖြစ်ပါသည်။

**တိဗက်စကားတချို့သည်လည်း** မြန်မာစာတွင် ပါဝင်နေပါသည်။ မြန်မာလူမျိုးတို့သည် **'တိဗက်တိုဗားမင်း'** အုပ်စုမှ ဆင်းသက်လာရာတွင် တိဗက်စကားများပါလာနိုင်သော်လည်း အိန္ဒိယမှလာသော ပါဠိနှင့်သက္ကတ စကားများကလွှမ်းမိုးသဖြင့် တိဗက်စကားအနည်းသာရှိနေသည်။ ပုဆိုးဟူသောစကားမှာ တိဗက်စကားဖြစ်ပြီး လုံချည်၊ လုံကွင်းဟု မှတ်ယူကြသည်။

သန်းခေါင်=သန်းကောင်စကားမှာလည်း တိဗက်ဘာသာစကားဖြစ်ပြီး သာလွန်မင်းတရားကြီးလက်ထက် လူစုံသော ညသန်းခေါင်တွင် လူ၊ လှည်း၊ နွား၊ ဆင်၊ မြင်း၊ လှေနှင့် လယ်ဧကစာရင်းတို့အား ကောက်ယူခဲ့ကြောင်း သိရှိရပါသည်။ မြန်မာစကားဖြစ်ပေါ်လာပုံမှာ မပြီးသေး။

**အာရဗ်စကားမှလာသောမွေးစကားများ** လည်း မြန်မာစကားလုံးများအဖြစ် တစ်ဖက်တစ်လမ်းမှ ပါဝင်အားဖြည့်ပေးနေသည်။ စီအေဦးဗလွင်၏ မှတ်စုမှတ်တမ်းအရ အလံ=အာလမ်(အာရဗ်စကား)လှေသင်္ဘော၌လွှင့်သောလေးထောင့်ပုံအမှတ်အသားအလံ။ ကလောင်=ကလမ်(အာရဗ်စကား)= ရှေးကဒေါင်းတောင်ကို စာရေးတံကလောင်အဖြစ်သုံးခဲ့သည်။ ကလောင် နာမည်၊ ကလောင်ရှင်အသင်း စသည်တို့ဖြစ်သည်။

**အိန္ဒိယမှလာသောသက္ကတစကားများ** မှာလည်း မြန်မာစကားသို့ ကူးပြောင်းလာသည်။ သာဓကအားဖြင့် စပါး=ဇဗ ဟူသော စကားမှ ရေးထုံးပြောင်းလာသော်လည်း မူလအသံထွက်အတိုင်း 'ဇဗား' ဟုအသံထွက်သည်။ အင်္ကျီဆိုသောစကားမှာ သက္ကတစကားမှလာသည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးစသော နေ့အမည်များမှာလည်း သက္ကတဘာသာစကားမှ ဆင်းသက်လာကြောင်း သိရှိရပါသည်။

**မြန်မာစကားရှေ့နောက်ပြောင်း၍သုံးစွဲခြင်းဖြင့်** မြန်မာဝေါဟာရများ တိုးတက်လာရသည်။ သာဓကအားဖြင့် စာပေဟူသောစကားတွင် စာပေကိုပေရွက်တွင် ကညစ်ဖြင့် ရေးရသော 'ပေစာ' ကို 'စာပေ' ဟူ၍လည်းကောင်း၊ သံချေးမတက်သော လေးဝါးဘူးတွင် ဆေး၊ ဆေးမြစ်များထည့်၍ သိမ်းဆည်းရာမှ 'ဝါးဆေး' ဟု အလွယ်ခေါ်ခဲ့ပြီး နောင်တွင် 'ဆေးဝါး' ဟုခေါ်လာခဲ့သည်။

**အင်္ဂလိပ်စကား၊ လက်တင်စကားကိုမွေးစားအသုံးပြုခြင်းဖြင့်** မြန်မာဘာသာစကား ဝေါဟာရများ ဆင့်ပွားတိုးတက်လာပါသည်။ သာဓကအားဖြင့် လူသိများကြသော မီနီဘတ်(စ်)၊ မော်တော်ကား၊ ဘတ်စ်ကား၊ ဆိုက်ကား၊ တယ်လီစကုပ်၊ မိုက်ခရိုစကုပ်နှင့် မဂ္ဂဇင်းတို့ပင် ဖြစ်ပါသည်။

ထို့အပြင် **ပါဠိ၊ ပါဠိပျက်နှင့် မြန်မာစကားပေါင်းစပ်ထားခြင်းဖြင့်လည်း** ဝေါဟာရအသစ်များ ရရှိခဲ့ပါသည်။ သာဓကအားဖြင့် စက်ဘီး(ပါဠိပျက်+မိခင်ဘာသာစကား)၊ မီးစက်(မိခင်ဘာသာစကား+ပါဠိပျက်)၊ မိုး/ဇလ၊ ရေ/ဇလာစသည့် စကားလုံးများဖြစ်ပါသည်။ ပေါရာဏစကားများမှာလည်း မြန်မာစာဝေါဟာရများအတွက် အထောက်အကူဖြစ်စေခဲ့သည်ကို မငြင်းနိုင်ပေ။ သာဓကအားဖြင့် ဟောဝန်=တော၊ ရဂုံ=တော၊ စေးပျစ်=တော ဟူသောစကားများဖြစ်ပါသည်။ မြန်မာစာပေသည် ကမ္ဘာ့ဘာသာစကားများစွာအနက် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာစာသည် နှစ်ကာလများစွာမှ အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့သည်။ ပုဂံခေတ်မှစ၍ အဆင့်ဆင့်ပြောင်းလဲလာသော မြန်မာစာပေသည် ကိုလိုနီခေတ်မတိုင်မီမှစ၍ ကိုလိုနီခေတ်၊ ကိုလိုနီခေတ်မှ ကိုလိုနီခေတ်(၁၉၂၀ပြည့်နှစ်မှ ၁၉၄၈ပြည့်နှစ်အထိ)၊ ယနေ့ခေတ်(၁၉၄၈ခုနှစ်မှ ယနေ့အထိ)စာပေအဆင့်အတန်းများ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသည်မှာ လူတစ်ဦး ကြီးပြင်းလာသည့်နှယ် ဆင်တူလှပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

မင်းလပြည့်(ဟားခါး)

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ ဦးပိုင်အမှတ်(၅)၊ ၁၄လမ်းနှင့် ၁၅လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဒေါ်သန်းခင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၉၂၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ဖြူဖြူသင်း၊ ဒေါ်ကေသွယ်အေး၊ ဒေါ်ထက်ထက်ဖွေးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၆၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးသူရအောင်(၉/ခအဇ(နိုင်)၀၀၄၃၀၈)က အမှုတွဲအမှတ်(၀၂၈၀/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၇)၊ ဦးပိုင်အမှတ်(၇၇)၊ ၆၃လမ်း၊ ၁၃၂လမ်းနှင့် ၁၃၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဌေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဆွေ(ခ)ဝင်းနိုင်(၉/မရမ(နိုင်)၀၅၇၁၃၇)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၅၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(ပပ-၈)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၃(A)လမ်း၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဝင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၆၅၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းဌေး(၉/မနမ(နိုင်)၀၃၀၂၄၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၅၈/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်အမှတ်(၉၅ ခဲစင်းအနောက်ခြမ်း)၊ ၁၁၀ လမ်းနှင့် ၁၁၁လမ်းကြား၊ ၅၁လမ်းနှင့် ၅၂လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်ခင်မာကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၅၉၈/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စန္ဒာ(၉/မနမ(နိုင်)၁၁၀၆၅၇)က ဂရန်မူရင်း၊ ငွေရပြေစာမူရင်း၊ မြေချထားမိန့်မူရင်းများမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ ရပ်ကွက်၊ အကွက်အမှတ်(၁၇၉)၊ ဦးပိုင်အမှတ်(၅ + ၆)၊ ၈၄လမ်း၊ ၂၅လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဇနီး ဒေါ်စန်းမေ(ခ)စမ်းမေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်း ဦးသန်းဝင်း(၉/မနမ(နိုင်)၀၄၅၈၈၆)က အမည်ပေါက်မြေပုံ တင်ပြ၍ မိသားစုစီမံမှုစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် (၆၀၆)၊ ဦးပိုင်အမှတ်(၇)၊ ၂၆လမ်း၊ ၇၉လမ်းနှင့် လမ်း၈၀ ကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးသန်းဝင်း(၉/မနမ(နိုင်)၀၄၅၈၈၆)က ဘိုးဘစာအုပ်တင်ပြ၍ မိသားစုစီမံမှု စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(ဓဓ-၁၃)၊ ဦးပိုင်အမှတ်(၈၆)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကြည်(၉/မရတ(နိုင်)၁၀၆၈၃၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပြည့်ဖြိုးဝေ(၁၃/ကခန(နိုင်)၀၈၉၉၃၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၁၃၉လမ်းနှင့် ၁၄၀ လမ်းကြား၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးမြင့်(၉/မသန(နိုင်)၀၂၄၉၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၂/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိန်ရီ(ခ)ဆိုင်ဖုံ(၉/မရမ(နိုင်)၀၅၈၄၃၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်အမှတ်(၃၈)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၀၇ လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားစေ(၁၃/တကန(နိုင်)၀၀၇၂၇၄)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၄)၊ ဦးပိုင်အမှတ်(၇၁)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၂၉ လမ်းနှင့် ၁၃၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငြိမ်း(၉/မရမ(နိုင်)၀၄၉၂၉၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-စစ)၊ ဦးပိုင်အမှတ် (၃၆)၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းလင်းသိန်း(၉/မရတ(နိုင်)၁၀၈၀၉၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၅၁/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းမွေပန်း(၁၃/မဆတ(နိုင်)၀၄၄၅၇၇)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ရပ်ကွက်၊ အကွက်အမှတ်(၅၉၃)၊ ဦးပိုင်အမှတ်(၁၁၈/၁-ခ + ၁၂၄/၁-က + ၁၂၅/၂)၊ တောင်သမန်ကန်ပတ်လမ်းနှင့် ရတနာပုံတက္ကသိုလ်အဝင်လမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စုမြတ်သိန်း(၁/မကန(နိုင်)၁၀၆၅၅၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၃)၊ ဦးပိုင်အမှတ်(၈၅)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကြည်(၉/မရတ(နိုင်)၁၀၆၈၃၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၁၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပြည့်ဖြိုးဝေ(၁၃/ကခန(နိုင်)၀၈၉၉၃၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၁၁၂)၊ ၆၅လမ်းနှင့် ၆၇လမ်းကြား၊ ဓော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လင်ဟုန်(ခ)တင်တင်အေး(၁/မကန(ပြု)၀၀၀၄၉၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ) ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ် (၅၃)၊ ၆၀(B)လမ်းနှင့် ၆၁လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ ဒေါ်ညွန့်ညွန့်ရီ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်နန်းဟွမ်က တရားပြိုင် ဒေါ်ညွန့်ညွန့်ရီအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နန်းဟွမ် (၁၃/လရန(နိုင်)၁၂၈၄၈၂)က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ်(၅၈၀-က)၊ ဦးပိုင်အမှတ်(၃/၃)၊ ထုံးဘို-မြစ်ငယ်လမ်းမလမ်း၊ မန်ကျည်းချိုတောရလမ်း ဘုန်းကြီးကျောင်းအရှေ့ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဌေး(၉/မရတ(နိုင်)၀၄၂၅၆၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၈၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးကျော်ဌေး(၁၃/လရန(နိုင်)၁၂၈၀၇၀)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၈)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၁လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၅၆၁၅/၉၂-၉၃)အရ တပ်သားဝင်းမြင့် မှတ်ပုံတင်အမှတ်(၉/မကန(နိုင်)၀၃၉၃၈၈) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးတင်လှ မှတ်ပုံတင်အမှတ်(၁၃/ဟပတ(နိုင်)၀၀၀၈၄၃)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၄)၊ ဦးပိုင်အမှတ်(၃၂)၊ ၁၄၀ လမ်းနှင့် ၁၄၁လမ်းကြား၊ ၆၇လမ်းနှင့် ၆၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သီတာသန်း(၉/မနမ(နိုင်)၁၀၉၆၃၂)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၁၁၄)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဦးမောင်ကို အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှစိန်က တရားပြိုင် ဦးမောင်ကိုအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၆၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှစိန်(၁၃/နခန(နိုင်)၀၃၃၅၇၉)က မြေကွက်၏ မြေချထားမိန့်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန် ရပ်ကွက်၊ အကွက်အမှတ်(ဝဝ-၃၇)၊ ဦးပိုင်အမှတ် (၄၅)၊ ၆၂လမ်း၊ (A)လမ်းနှင့် (B)လမ်းကြားရှိ ဗိုလ်ချုပ်ဝင်းမြင့် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးလင်းလင်းထွန်းက တရားပြိုင် ဦးဝင်းမြင့် (၄င်း၏ SP ရသူ ဒေါ်လော်ချိုးမေ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် အမရပူရမြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၉/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလင်းလင်းထွန်း(၉/ပကခ(နိုင်)၀၁၀၆၇၈)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၉-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးကျော်နု အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဇော်တင်(ဘ)ဦးအေးကြိုင်(၉/ခမစ(နိုင်)၀၀၃၅၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးခင်မောင်အုန်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေး(ဘ)ဦးအုန်းဖေ(၉/မရတ(နိုင်)၀၈၇၃၀၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်လှမေနှင့် ဦးအောင်နိုင်တို့အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းထွဋ်(ဘ)ဦးဖိုးကျော်(၅/မမတ(နိုင်)၀၁၅၇၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ (၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၄)၊ အလွှာ(၃)၊ အခန်းအမှတ်(၃၀၆)၊ (၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟုအဆိုပြုသူ ဒေါ်ပေ့ချုံ(ဘ)ဦးကွမ်ယိုပေါင်(၁၃/လရန(နိုင်)၂၁၀၈၁၈)ထံမှ ဦးဖြိုးခန့်ကျော်(ဘ)ဦးကျော်နိုင်ဦး(၅/မမန(နိုင်)၀၉၀၆၅၄)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၉၉၉)**
**ဖုန်း ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**
**လမ်း ၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

### ကြော်ငြာစာ

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၀၆)၊ ဦးပိုင်အမှတ်(၃၄)၊၂၆လမ်းနှင့်၂၇လမ်းကြား၊၇၉လမ်းနှင့်လမ်း၈၀ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းဝင်း(၉/မနမ(နိုင်)၀၄၅၈၈၆)က ဂရန်စာချုပ် တင်ပြ၍ မိသားစုစီမံမှုစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၉)၊ ဦးပိုင်အမှတ်(၄၀-ထ/၁(ခဲစင်း))၊ ၂၅လမ်းနှင့်သင်္ဂဇာချောင်းပတ်လမ်းကြား၊ ၉၁လမ်းရှိ ဒေါ်သူဇာမြင့်၊ ဒေါ်နီလာမြင့်၊ ဒေါ်မျိုးသီတာအေးတို့ (၃)ဦး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၇၁၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သူဇာမြင့်(၉/မနတ(နိုင်)၀၀၄၃၃၇)၊ဒေါ်နီလာမြင့်(၉/မနတ(နိုင်)၁၀၁၆၆၇)တို့က အမှုတွဲအမှတ်(၀၂၇၉(ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၆)၊ ဦးပိုင်အမှတ်(၆၁)၊ ၆၅(A)လမ်းနှင့်၁၃၄လမ်းထောင့်ရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ကျော်(၉/မနမ(နိုင်)၀၃၁၃၇၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၂၆၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၁)၊ ဦးပိုင်အမှတ်(၆+၁၉) မြေကွက်ပေါ်တွင် ဒေါ်ဝင်းဝင်းစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလန(နိုင်)၀၃၃၇၅၂)က S.S(၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အကွက်အမှတ်(၅၉၇)၊ ဦးပိုင်အမှတ်(၃၂-က) မြေကွက်ပေါ်တွင် ဦးသိန်းထိုက်အောင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမရ(နိုင်)၁၂၇၃၅၂)က RC(၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၅)၊ ဦးပိုင်အမှတ်(၁၀-က)၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဦးလှမောင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၉၄၄/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်စမ်းယုမွန်၏(GP ရရှိသူ ဦးစိန်ဝင်း)၊ ဒေါ်မြသက်မွန်တို့ (၂)ဦးအနက် ဒေါ်စမ်းယုမွန်၏ (GP ရရှိသူ ဦးစိန်ဝင်း)ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၉၄၅/၂၀၁၆)ဖြင့် လက်ခံခဲ့သူ ဒေါ်မြသက်မွန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၈၆၂/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သော ဦးဝီဝီ(၉/မတရ(နိုင်)၀၉၅၅၀၇)၊ ဒေါ်မာလာမြင့်(၉/မတရ(နိုင်)၀၀၁၄၀၄)တို့က အမှုတွဲအမှတ်(၀၂၈၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၂)၊ ဦးပိုင်အမှတ်(၈-က)၊ ၈၄လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း(၉/မနမ(နိုင်)၀၄၅၈၈၆)က အမည်ပေါက်မြေပုံတင်ပြ၍ မိသားစုစီမံမှုစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၁)၊ ဦးပိုင်အမှတ်(၁၀၇)၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ ၆၄လမ်းနှင့်၆၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြူကြူ(၉/မရမ(ဧည့်)၀၀၀၁၀၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၄၃၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချိုလွင်(၉/မနတ(နိုင်)၀၉၆၆၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၄၀)၊ ၁၁၀လမ်းနှင့်၁၁၁လမ်းကြား၊ ၄၆လမ်းနှင့်၄၇လမ်းကြားရှိ ဒေါ်ခင်သန်းမြင့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ဝင်းဝင်းနွယ်က တရားပြိုင် ဒေါ်ခင်သန်းမြင့်(၎င်း၏ SP ရသူ ဒေါ်စိမ်းလဲ့ဝေ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ဝင်းဝင်းနွယ်(၉/မဟမ(နိုင်)၀၄၄၉၉၈)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၂)၊ ဦးပိုင်အမှတ်(၇+၅-ခ)၊ ၈၄လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း(၉/မနမ(နိုင်)၀၄၅၈၈၆)က အမည်ပေါက်မြေပုံတင်ပြ၍ မိသားစုစီမံမှုစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်...

❖ နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် ယနေ့ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် တီယန်ကျင်းမြို့ရှိ Renaissance Tianjin Lake ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ ယခုထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လာအိုနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

☆ နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ အမြင်ချင်း ဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Thongloun Sisoulith တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စုမဲခွဲပွဲအား စက်တင်ဘာ ၁၁ရက်တွင် ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာကလပ် အား/ကာ သို့အသင်းခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၁၁ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းစုစုပေါင်း ၁၂သင်းဖြင့် ပြုလုပ်မည်ဖြစ်ပြီး တိုက်ရိုက်ကစားခွင့်ရ ခြောက်သင်း၊ ခြေစစ်ပွဲအောင် ခြောက်သင်း ပါဝင်သွားမည်ဖြစ်သည်။

နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၅ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ခုနှစ် မေလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှအမျိုးသမီးချန်ပီယံလိဂ် ပြိုင်ပွဲကို ပြီးခဲ့သည့် ဘောလုံးရာသီမှ စတင်ကာ ကျင်းပခဲ့ပြီး တရုတ်ကလပ် ဝူဟန်ကျန်ဒါအသင်းက ချန်ပီယံဆု ဆွတ်ခူးထားသည်။

(NGB)